
htttp://www.cherrythitsar.org

အပျိုစင်တို့သိဖို့ ယောက်ျားတို့ အကြောင်း | ၂ |

# ကံချွန်



http://www.cherrythitsar.org

# အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း ။၂။

ကံချွန်



http://www.cherrythitsar.org




မာဃိကာ

စာရေးသူအမှာ ၅

**အမျိုးစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း (၃)**

ဘာကိုချစ်တာလဲ - ၁၁

တစ်ရွာသားကို ရည်းစားလုပ်တော့ - ၁၉

မျောက်လောက်တော့ ဆော့သေးတာပဲ - ၂၅

ချစ်သူနဲ့တွေ့မှ ရင်ခိုတာမဟုတ်ပါဘူး - ၂၉

ထူးပါတယ် - ၃၉

**အမျိုးစင်တို့သိသမျှ**

ဘာကြောင့် - ၄၃

ကိုယ်ညှံလို့ သူတော်တာ - ၄၇

သမီးတို့အတွက် ပြင်ဘက် - ၅၉

စာမူခွင့်ပြုချက် ၂၃၈/၉၆(၃)
မျက်နှာဖုံးခွင့်ပြုချက် ၁၃၉/၉၆(၃)

●

**ထုတ်ဝေသူ**
ဦးလှဌေး–လှဌေးစာပေ
အမှတ် ၂၅+၁၂၆ လမ်း
တာမွေ၊ ရန်ကုန်မြို့။

●

**မျက်နှာဖုံး+အတွင်းပုံနှိပ်**
ဒေါ်ရွှေ (၀၂၁၇၉)
သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။

●

**မျက်နှာဖုံး+အတွင်းသရုပ်ဖော်**
ကာတွန်းကံချွန်

●

**စာအုပ်ချုပ်**
ဇော်ဝမ်း

●

**ပထမအကြိမ်**
၁၉၉၆–မေလ
အုပ်ရေ–၁၀၀၀
တန်ဘိုး – ၇၀ ကျပ်

**ယနေ့မန္တလေးစာအုပ်တိုက်**

ပစ္စုပ္ပန်ဆိုတာ မရှိဘူး –   ၆၅
ဘာလုပ်ခဲ့သလဲ   –   ၆၇
ကာလဧရိယာ –   ၆၉
အဖြေတစ်ခု ပုစ္ဆာရာထောင်   –   ၇၄
အကာနဲ့ အချစ်   –   ၈၃
အသိ   –   ၉၀
သိသင့်တာတွေထဲက သိသမျှ–   ၉၇
**အိမ်ထောင်ရှင်တို့သိဖို့ ယောကျ်ားတို့အကြောင်း**
ဒီလိုပါ   –   ၁၀၁
မမိုက်ပေမယ့် မှားတတ်တယ် –   ၁၀၅
နှစ်ကောင်ကျွေး သုံးကောင်စား   –   ၁၁၁
တစ်ပင်ထူဖို့ အခက်သား   – ၁၁၈
သာသာယာယာ ပျော်ပျော်ရွှင်ရွှင်ဖြစ်ဖို့   –   ၁၂၆
နွားအိုမြက်နုကြိုက်   –   ၁၃၃
ဒုတိယအသိုက်အဝန်း –   ၁၄၃
တစ်သက်တာ စိတ်ချမ်းသာဖို့   –   ၁၄၇

# စာရေးသူ၏အမှာ

ပထမဆုံး...

အပျိုစင်တို့ကို ကျေးဇူးစကားဆိုပါရစေ။

ကျွန်တော် **“အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း”** စာအုပ်ငယ်လေးကို ပြုစုခဲ့ပြီး ဒုတိယအုပ်ဆက်ရေးရန် အကြောင်း ဖန်လာခဲ့သည်။ ထို့ကြောင့် ဒုတိယအုပ်ရေးခဲ့ပြီး ပြီးပြီဟု ကိုယ့်ကိုယ်ကို ထင်ခဲ့ပါသည်။

သို့သော် ...

ထိုဒုတိယစာအုပ် ထွက်ပြီးနောက် အပျိုစင်တို့ထံမှ စာများ ရောက်လာပြန်သည်။ ထိုစာများတွင် ကျွန်တော် မသိသော

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



ယောကျ်ားတို့အကြောင်းကို အပျိုစင်တို့ ပြောပြသည်များလည်း ပါလာသည်။ အချို့စာများမှာ သူတို့ကြုံနေရသော အခြေအနေကို ရေးပြ၍ အဖြေတောင်းသောကြောင့် အကြံဉာဏ်ပေးရသည်တွင် ကျွန်တော် ရေးမပြမိခဲ့သော ယောကျ်ားတို့အကြောင်းလည်း ပါလာပါသည်။ အချို့အပျိုစင်တို့ထံမှ စာတွင် "သိသင့်သိထိုက်သည်များကို ရှာဖွေစုဆောင်း၍ ဆက်လက်ရေးသားပါရန်" တောင်းဆိုသောစာများလည်း ပါလာသည်။

ထို့ကြောင့် ...

အပျိုစင်တို့ ပြောပြသမျှ ...

အပျိုစင်တို့ မေးခဲ့သမျှ ...

အပျိုစင်တို့ သိသင့်သမျှ ...

ကျွန်တော် ရှာဖွေစုဆောင်း၍ ယခု တတိယစာအုပ်ကို ရေးသား ပြုစုလိုက်ရပြန်ပါပြီ။

ဤစာအုပ်တွင် အပျိုစင်တို့သိဖို့အပြင်

"အိမ်ထောင်ရှင်တို့ သိဖို့"

တစ်ခန်းထည့်သွင်း ရေးသားထားပါသည်။ ကျွန်တော့်ထံလာသည့်စာများတွင် အိမ်ထောင်ရှင်အမျိုးသမီးတို့၏ စာများလည်း ပါဝင်ပါသည်။ သူတို့၏ ခင်ပွန်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်များကို ရေးပြပြီး မည်သို့ဖြေရှင်းရမည်ကို မေးထားသော စာများကြောင့် "အိမ်ထောင်ရှင်တို့သိဖို့ ယောကျ်ားတို့



htttp://www.cherrythitsar.org



အကြောင်း” ကို ထည့်သွင်းလိုက်ရခြင်းဖြစ်ပါသည်။ ထိုပြဿနာများသည်လည်း အပျိုစင်တို့ ကြိုတင်သိထားသင့်သော ပြဿနာများဖြစ်နေ၍ ဤစာအုပ်တွင် ပူးတွဲဖော်ပြရခြင်း ဖြစ်ပါသည်။

**စေတနာကို အရင်းခံသောကြောင့်**
**တူသောအကျိုး ပေးလိမ့်မည်ဟု**
**ယုံကြည်လျက်**
**ကံချွန်**

htttp://www.cherrythitsar.org

# အချစ်ဆိုတာ



htttp://www.cherrythitsar.org

# ဘာကိုချစ်တာလဲ

လေးလေးဆီကို အပျိုစင်တွေဆီက စာတွေလာနည်းမျိုး၊ ကောင်လေးတွေကလည်း စာရေးကြပါတယ်။ သူတို့က "အပျိုစင်တို့သိဖို့ ယောက်ျားတို့အကြောင်းရေးနည်း" "လူပျိုစင်တို့ သိဖို့ မိန်းမတို့အကြောင်း"ကို ရေးစမ်းပါတဲ့။ တချို့ကလည်း ကိုယ်တိုင် ပြောကြတာကွယ့်။

"ခင်ဗျာ ...အဲသလိုရေးရင်ရောင်းကောင်းမှာပဲ"လို့ အကြံပြုတဲ့ သူများလည်း ပါပါတယ်။ ငွေဆိုတာ သည်းခြေကြိုက်ပဲ။ လိုချင်တာပေါ့။ ဒါပေမယ့် လေးလေးမရေးပါဘူး။ ဘာလို့လဲ ဆိုတော့...

**ယနေ့မန္တလေးစာအုပ်တိုက်**


ယောကျ်ားတို့ သိဖို့

htttp://www.cherrythitsar.org



“စေတနာ” မပါတဲ့အလုပ် လေးလေးမလုပ်ချင်လို့။ ယောကျ်ားတွေအကြောင်း ရေးရတာက စိတ်သန့်တယ်။ အဲသလိုရေးတဲ့အတွက် မိန်းကလေးများ အထိုက်အလျောက် ယောကျ်ားတွေ အကြောင်းသိသွားရင် မမှားသင့်တာ မမှားတော့တာပေါ့။ ဆင်ခြင်တန်တာ ဆင်ခြင်လို့ရတာပေါ့။ အဲဒါ လေးလေးရဲ့ စေတနာပါ။

ယောကျ်ားလေးတစ်ယောက်ဟာ မိန်းကလေးတွေအကြောင်း မသိလို့ ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး။ ဒီတော့ မိန်းကလေးတွေ အကြောင်း ရေးမယ်ဆိုရင် “ငွေ” လိုချင်လို့ ကြံဖန်ရေးရတာပဲ ဖြစ်မှာပေါ့။ ဟုတ်ဖူးလား။

ကဲ ... ယောကျ်ားတွေအကြောင်း စ,ဆွေးနွေးရအောင်။

လေးလေးရဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်။သူက လေးလေး ထက်တော့ အသက်ငယ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က လေးလေးရဲ့အိမ်ကို ကောင်မလေးတစ်ယောက်နဲ့ အတူ ရောက်လာတယ်။ သူ့ချစ်သူတဲ့။ သူတို့က တောင်သမန် ဦးပိန်တံတားမှာ လျှောက်လည်ပြီးပြန်လာတာ။ အဲဒီတုန်းက လေးလေးရဲ့အိမ်က ဘုရားကြီးကျောက်ဆစ်တန်းမှာ။ ဒီတော့ လမ်းကြုံနေတာကိုး။ လေးလေးရဲ့အိမ်မှာ တစ်ထောက်ဝင်နားကြတာ။ သူ့ကောင်မလေးကို ကြည့်လိုက်တော့ မျက်နှာလုံးလုံးလေးနဲ့။ အပြစ်ကင်းတဲ့မျက်နှာမျိုးလေးပဲ။ ချစ်ချစ်ဇော်တို့၊ လင်းဇာနည်ဇော်တို့လို ပုံစံမျိုးလေး။ ဆံပင်ကိုတော့ မျက်နှာတစ်ခြမ်းနီးပါး


ဟင်
ချစ်ရေးဆိုတာ
ဒို့က
ကွယ်—

htttp://www.cherrythitsar.org



ဖုံးထားတယ်။ အဲဒီတုန်းကတော့ "စနေမ" ပုံစံလို့ လွယ်လွယ်ခေါ်တာပဲ။

လေးလေးလည်း သူတို့ကို လက်ဖက်သုပ်ကလေး ရေနွေးလေးချပေးပြီး ခပ်ခွာခွာပဲ ရှောင်နေလိုက်တာပါပဲ။ နေရထိုင်ရတာ ကျဉ်းကြပ်နေမှာစိုးလို့။ လေးလေးရဲ့ သူငယ်ချင်းက လေးလေးနားလာပြီး ...

"ကိုကံ"

"ဘာလဲ"

"ကျုပ်ဗျာ ချွေးကို ပျံသွားတာပဲ၊ ငါတော့ မှားပြီဆိုပြီး"

"ဘာလို့"

"တောင်သမန်မှာ ကျုပ်က သူ့ဆံပင်ကို သပ်တင်ပေးတာ။ သူက အို ဆိုပြီး ပြန်ပြန်ချထားတယ်။ သုံးလေးခါလုပ်တော့ ဆံပင်မတင်ပါနဲ့။ ညီမက နားရွက်တစ်ဖက် မပါလို့။ သေသေချာချာဖုံးထားတာတဲ့။ ဟား... လူကို ရင်တုန်သွားတာပဲ။ ဒုက္ခပဲ ဆိုပြီး၊ ဒါနဲ့ ကျုပ် မသိမသာ သိုင်းဖက်ရင်း နားရွက်တစ်ဖက် စမ်းကြည့်ရတယ်။ ဒါကို သူက လက်ခါခါချနေသေးတာ။ နောက်တော့မှ စ,တာဆိုလို့ သက်ပြင်းချနိုင်တော့တယ်။ ဒါကို သေချာအောင် နားရွက်စမ်းကြည့်ရသေးတယ်။"လို့ပြောပါတယ်။

ငါ့တူမများ စဉ်းစားကြည့်စမ်း။ ချစ်လှ ချည်ရဲ့၊ အသက်လောက် မြတ်နိုးလှချည်ရဲ့ ဆိုတဲ့ ယောကျ်ားကတောင် နားရွက်တစ်ဖက်

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



မပါဘူးဆိုတော့ ချစ်မိတာကို "ဒုက္ခ" လို့ ချက်ချင်း သတ်မှတ်ပစ်လိုက်တာ။ ကဲ ... ယောကျ်ားလေးတွေ ချစ်တာ ဘာကိုချစ်တာလဲ။ သိမ်မွေ့တဲ့ စိတ်ထားကိုလား။ မိန်းမပီသတဲ့ ဣန္ဒြေကိုလား။ ရုပ်ချောလို့လား။ ဥစ္စာပေါလို့လား။ ပညာတက်လို့လား။ ဘာကိုချစ်သလဲ။ နားရွက်ကိုလား။ နှာခေါင်းကိုလား။

လေးလေးမိတ်ဆွေရဲ့ ချစ်သူဆိုတာ ဘွဲ့ရပြီးသား။ အထက်တန်းစာရေးမ။ မိဘက ပြည့်စုံတယ်။ သူ့ကို ရိုးရိုးသားသား မှန်း၊ အဲဒီမိတ်ဆွေပြောသမျှယုံပြီး ချိန်းတွေ့တဲ့ဆီ လိုက်လာတာနဲ့ ခန့်မှန်းလို့ရတယ်။ အဲဒီမိတ်ဆွေက ရည်းစားသက်စေ့ ထားတာ။ အရွယ်မရောက်ခင် ကလေးတုန်းက မထားလိုက်ရတဲ့ အတွက် အတိုးနဲ့ လေးလတစ်ယောက်နှုန်းလောက် ပြောင်းတယ်။ အဲသလို လူကတောင် "နားရွက်မပါဘူး" ဆို စလိုက်တာနဲ့ "ငါတော့မှားပြီ" လို့ ထင်သတဲ့လေ။ မိန်းကလေးဟာ သူ့ကို ရည်းစားထားမိကတည်းက မှားခဲ့တာ။

ဒီတော့ ငါ့တူမများကို လေးလေး သတိပေးချင်တယ်။

ငါ့တူမများကို ချစ်ရေးဆိုလာရင် ...။ ကိုယ့်မှာ ဘာပြစ်ချက်မှ မရှိဘူးထင်လို့။ တကယ်လို့များ ကိုယ့်မှာ အားနည်းချက် တစ်စုံ တစ်ခုရှိနေရင်တော့ ပြစ်ချက်ကို ကြိုပြီးတော့သာ ဖွင့်ပြောထား ပေရော့။

htttp://www.cherrythitsar.org

## တစ် ရွာသားကိုဂျင်းစားလုပ်တော့



htttp://www.cherrythitsar.org



ယောကျ်ားဆိုတာ ပြစ်ချက်ကို နောက်မှသိရင် စွန့်ခွာဖို့ ဝန်မလေးဘူး။ မှတ်ထားကွယ့်။

●

## တစ်ရွာသားကို ရည်းစားလုပ်တော့

“အချစ်မှာ မျက်စိမပါဘူး” ဆိုပြောတဲ့စကားကို လေးလေး ဆီ ရောက်လာတဲ့ စာတစ်စောင်ကြောင့် ယုံသွားရတယ်။ သူတို့ ဇာတ်လမ်းက ဝတ္ထုလေးလိုပဲ။ ကောင်မလေးက မန္တလေး ဝိဇ္ဇာ သိပ္ပံ ပထမနှစ်ကျောင်းသူပါ။ သူ့အဖေက အရာရှိကြီးတစ်ဦး ဆိုပါတော့။ ရုံးခန်းက အောက်ထပ်ဆို နေရတာက အပေါ်ထပ်။

တစ်ရက်မှာ ဖုန်းမြည်လို့ ကောက်ကိုင်လိုက်တော့ ရုံးခန်း ဆက်တဲ့ဖုန်း အိမ်ကို လိုင်းမှားဝင်လာတာဖြစ်နေတယ်။ ဖုန်း နံပါတ်က နောက်ဆုံးတစ်လုံးပဲကွာတာဆိုတော့ မှားသွားတာ နေမှာပေါ့။ အဲဒီတော့ ကောက်ကိုင်တာက အဲဒီကောင်မလေး။

ကောင်မလေးက ဖုန်းမှားနေပါတယ် ဆိုတော့ ကောင်လေး က ............... ရုံး မဟုတ်ဘူးလားပေါ့။ ရုံးဖုန်းက ဘယ် လောက် ဘယ်လောက် ဆိုပြန်ပြောတော့ ခုလို စိတ်ရှည် လက် ရှည်ရှင်းပြတာ ကျေးဇူးတင်ပါတယ်။ သဘောကောင်းသူများ ရုပ်ချောတတ်တယ်။ အသံလေးကြားရတာကတော့ မျက်ခုံး ထူထူလေးပဲဆို ပြောပြီး ဂွပ်ခနဲ ချသွားရော။

http://www.cherrythitsar.org



htttp://www.cherrythitsar.org



ဒီတော့ကောင်မလေးက ကသိကအောင့်ဖြစ်နေသတဲ့။ဘာလို့ မှန်းလဲမသိဘူးတဲ့။ ဖုန်းထဲကနေ မထိတထိ ပြောသွားတာကိုပဲ သတိရနေသတဲ့။ သုံးရက်လောက်ခြားသွားပြီးမှ တစ်ခါ ဖုန်းလာ ပြန်ရော။ ကောင်မလေးရှိတဲ့အချိန်ပဲ။ သူကောက်ကိုင်လိုက်တော့ ဖုန်းမှားဆက်တဲ့လူအသံ ကြားရပြန်သတဲ့။သူ ဒီတစ်ခါ မှားဆက် တာ မဟုတ်ပါဘူးပေါ့။ ......... နဲ့ စကားပြောချင်လို့ တောင်းပန် စရာလဲရှိလို့ပေါ့။ မျက်ခုံးထူထူလေးအပြင် အသားဖြူဖြူနဲ့ နှာတံ ပေါ်ပေါ်လေးဆိုတာပါ သူသိရလို့ အလှအပတွေကို ပြည့်ပြည့် စုံစုံ အသိအမှတ်ပြုတဲ့ အကြောင်း ထပ်ဆက်တာပါဆို ပြော သတဲ့။ နောက်တော့ သူရှိတဲ့ အချိန်တွေမှာ မကြာခဏဆက်ပြီး ရည်းစားစကား ပြောသတဲ့။ သူကတော့ ဘာရယ်လို့မဟုတ်ဘဲ နားထောင်နေရင်းကနေ အဲဒီလူပြောတာတွေ သာယာလာတယ် ဆိုပဲ။ အဲဒီလူက သူတို့ရုံးက ဝန်ထမ်းသူငယ်ချင်းဆီက တစ်ဆင့် သူ့အကြောင်းတွေ အကုန်သိထားတာကိုး။

ဒီလိုနဲ့ ရည်းစားဖြစ်သွားသတဲ့။

နောက်တော့ ချိန်းတွေ့ရော။

ချိန်းတွေ့တော့လည်း အသက်သုံးဆယ်လောက် ဖြူဖြူ သန့်သန့် ရုပ်ချောချောဆိုတော့ တစ်ခါနှစ်ခါ သုံးခါဆိုသလို တွဲဖြစ်ကြတာပေါ့။ နောက်တော့ အစွဲကြီးစွဲပြီး ယူလိုက်ရော။ ကောင်လေးနောက် လိုက်ပြေးရော။အဲသလိုထွက်ပြေးပြီး သုံးရက် လောက်နေတော့ အဲဒီလူရဲ့ မယားကြီးဆိုတာ အသားမည်းမည်း



htttp://www.cherrythitsar.org



ဝဝကြီး လိုက်လာပြီး ဆဲလိုက် ဆိုလိုက် အော်လိုက်တာ ကောင်မလေး ခေါင်းကိုမဖော်ရဲဘူးတဲ့။ နောက်ဆုံး သူ့အဖေဆီ ဖုန်းဆက်ပြီး လာခေါ်ဖို့ပြောရသတဲ့။ လေးလေးဆီ စာရေးတော့ သူ့ အိမ်ပြန်ရောက်နေပြီ။ လေးလေးရဲ့ ပထမစာအုပ်ထဲက လိပ်စာကိုတွေ့ပြီး စာထည့်လိုက်တာ။

ငါ့တူမများ သူ့အဖြစ်အပျက်မျိုးနဲ့ ဝေးရအောင် ခုပြန်ရေးပြလိုက်တာပါ။ တစ်ခါတလေမှာ ဖြစ်တတ်တယ်။ အနုပညာနယ်ပယ်က အမျိုးသားတွေဆီ မိတ်ဆက်စာ ရေးတာတို့ ဖုန်းဆက်တာတို့၊ ဘုရားဖူးအတူသွားရင်း ရည်းစားဖြစ်တာတို့။

မှတ်ထားကွယ့်။

ကိုယ့်အရပ်သူ အရပ်သားမဟုတ်ရင် တစ်ရပ် တစ်မြို့တစ်နယ်က ဖြစ်နေရင် ချစ်ရေးဆိုလာကတည်းက စဉ်းစားပေရော့။ အကြောင်းကြောင်းကြောင့် မေတ္တာတုံ့ပြန်ချင်တယ်ဆိုရင် သူ့အကြောင်းသိအောင် အရင်လေ့လာပါ။ လွင်မိုးနဲ့တူသလိုလို၊ ဒွေးနဲ့ တူသလိုလို၊ ကျော်ရဲအောင်နဲ့ ဆင်သလိုလို ကိုယ့်ကိုချစ်ရေးဆိုလာသူကို ဘယ်မင်းသားနဲ့တူပါလိမ့်ဆိုလေ့လာနည်းမျိုးလည်း မဟုတ်ဘူးနော်။

အနေဝေးသူနဲ့ ရည်းစားဖြစ်ပြီဆိုရင် ...

အရင်က တစ်မြို့တစ်နယ်တည်း အတူနေဖူးဦးတော့....

ဝေးသွားတဲ့ကာလအတွင်း သူဘာတွေလုပ်သလဲ။အသောက်အစား အပျော်အပါး ကင်းရဲ့လား။ မိန်းမရနေပြီလား ဆိုတာ

htttp://www.cherrythitsar.org

ဗျူရိုကရက်တို့ရှေ့ဒဝေးတော်



htttp://www.cherrythitsar.org



မျိုးတွေ မသိရဘဲ မေတ္တာတုံ့ပြန်တာလောက် ခိုးရာလိုက်ပြေးတာလောက် မိုက်တာမရှိတော့ဘူး။

သတိထားပါ။

●

## မျောက်လောက်တော့

## ဆော့သေးတာပဲ

မှတ်ထားကွယ့်။ ဘယ်လောက်ငြိမ်ပါတယ်ပြောပြော၊ ငြိမ်ပါတယ်ဆိုတဲ့ ယောကျ်ားက မျောက်လောက်တော့ ဆော့သေးတာပဲ။သူဆော့ချင်ရင်ပေါ့လေ။မဆော့ချင်လို့သာ ငြိမ်နေတာကိုး။ ဆော့နိုင်တဲ့စွမ်းရည်တော့ ရှိတာချည်းပဲ။

မန်နေဂျင်းဒါရိုက်တာကြီးက စာရေးမချောချောလေးတွေအလုပ်ခန့်သလို ပန်းရုံဆရာကလည်း အုတ်သယ်တဲ့ ကောင်မလေးချောချောဆို "လာစမ်းပါဦး၊ ဒီနားတိုးခဲ့ပါ" ပဲ။ "အပြန် လမ်းကြုံတာပဲ၊ ငါ့စက်ဘီးနဲ့လိုက်ခဲ့လေ" ဆိုတာမျိုးပဲ။ ဒါကြောင့် ယောကျ်ားဆိုတာ မဆော့တက်လို့မဟုတ်ဘူး။ မဆော့ချင်လို့ ငြိမ်နေတာဆိုတာ သတိထားဖို့ ငါ့တူမများကို သတိပေးချင်တယ်။

အရပ်သူ အရပ်သားများဆော့တော့ သိသာတယ်ပေါ့။

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



ပညာတတ်များဆော့တော့ ပိရိတယ်ပေါ့။ ဒါပဲ ကွာပါတယ်။

အိမ်ဦးခန်းထိုင်နေပေမယ့် အိမ်ဖော်ကောင်မလေးနဲ့ "အီစီကလီ" ဖြစ်တာတွေ ပြည့်လို့။ မြန်မာစကားမယ် ရှိတယ်လေ။ ပုပ်ရင်ပေါ် ဟုတ်ရင်ကျော် သတဲ့။ လူ့သတင်း လူချင်းဆောင် သတဲ့။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိတဲ့။

လေးလေး ပြောဖူးတဲ့ စကားတစ်ခွန်းတော့ ထပ်ပြောလိုက်ပါဦးမယ်။ မေ့နေလည်း သတိပြန်ရသွားအောင်။

ဘာပဲလုပ်တော့မယ်ဆိုဆို ကိုယ်လုပ်မယ့်အလုပ်ကို မလုပ်ခင်မှာ စဉ်းစားကြည့်။ ဒီအလုပ် ငါ့မိဘရှေ့လုပ်ရဲသလား။ ဒီအလုပ် ငါ့အသိုင်းအဝိုင်းရှေ့မှာ လုပ်ရဲသလား။ လုပ်ရဲတဲ့အလုပ်မျိုးဆိုလုပ်။ မိဘဆွေမျိုးတွေရှေ့မှာ မလုပ်ရဲတဲ့အလုပ်ဆိုလို့ကတော့ ကွယ်ရာမှာလည်း မလုပ်ပါနဲ့။ ကွယ်ရာမှာလုပ်လည်း တစ်နေ့မဟုတ် တစ်နေ့မှာ သိမှာပါပဲ။


အဲဒီအသိရယ်...

ယောကျ်ားဆိုတာ မဆော့ချင်လို့ငြိမ်နေရင်သာရှိမယ်။ ဆော့တတ်တဲ့အမျိုးဆိုတာရယ်။ တွဲသိထားရင် ငါ့တူမများ မဖြစ်သင့်တာ မဖြစ်တော့တာပေါ့။

လေးလေးရဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ မိန်းမနှစ်ယောက်။ ကလေးဆယ့်သုံးယောက်။ အသက်က လေးဆယ်ကျော်ပြီ။လေးလေးအိမ် အလည်လာရင်း (အရင် လေးလေးနေတဲ့

htttp://www.cherrythitsar.org

စိတ်သွန်ရွှေ့မှ ဂင်ဖိုတာ မဟုတ်ပါဘူး



htttp://www.cherrythitsar.org



ပြင်ဦးလွင်မှာ) ကားဂိတ်က အသုပ်စုံရောင်းတဲ့ ကောင်မလေးကို ရည်းစားစကား ပြောလိုက်သေးသတဲ့။

အဲသလို။

●

# ချစ်သူနဲ့တွေ့မှ ရင်ဖိုတာ မဟုတ်ပါဘူး

လေးလေးတို့ဆီမှာ "လိင်" ပညာပေးဆိုတာ မရှိသလောက်ပါပဲ။ သဘာဝတရားက ခွင့်ပြုထားသလောက် အချိန်တန် အရွယ်ရောက်လာတဲ့အခါ သိကြတာပဲရှိပါတယ်။

ဒီမှာက "လိင်" ပညာပေးနဲ့ "ညစ်ညမ်းမှု" က ရောထွေးနေတယ်။ အမှန်ကတော့ ဘယ်လိုမှ ရောထွေးစရာမရှိပါဘူး တစ်ခြားစီပဲ။

(၁) ပညာပေးဆိုတာက သိသင့် သိထိုက်တာတွေကို ရေးပြတာပဲ။

(၂) ညစ်ညမ်းမှုဆိုတာက သွေးသားဆန္ဒနဲ့ ပတ်သက်တဲ့ ခံစားမှုတွေကို ရေးဖွဲ့ပြတာပဲ။

လေးလေးဆီကို စာတစ်စောင် ရောက်လာတယ်။ ဆရာ အတတ်သင်က ဆရာမလေးတစ်ယောက်ဆီကပါ။ "အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း" ကို သူက သူ့ သူငယ်ချင်း



htttp://www.cherrythitsar.org



တွေပေးဖတ်တော့ စာအုပ်နာမည်ကြည့်ပြီး "ဟင့်အင်း... အဲဒါမျိုးတွေ မဖတ်ရဲဘူး" လို့ ပြောသတဲ့။ နောက်တော့မှ ဒါက ပညာပေး။ ညစ်ညစ်ညမ်းညမ်းတွေ ရေးထားတာမဟုတ်ဘူးလို့ ရှင်းပြပြီးပေးဖတ်မှ ယူကြည့်သတဲ့။

ဒီမှာက "ပညာပေးစာအုပ်စာတမ်း" အထွက်နည်းလို့ "ပညာပေးစာအုပ်" ရဲ့ သဘောထား အနေအထားကို အသိနည်းကြတာပေါ့။ လေးလေး ဒီစာအုပ်ကလေးတွေ ထုတ်လိုက်တော့ သမီးငယ်အတော်များများဆီက ပွင့်ပွင့်လင်းလင်းတိုင်ပင်တဲ့ စာတွေ။ သိချင်တာ မေးချင်တာတွေ ရောက်လာတယ်။ ဒီနှစ်မှာ ဆယ်တန်းတက်ရမယ့် ကျောင်းသူလေးတစ်ယောက်ဆီက စာကို ငါ့တူမများသိအောင် ဖော်ပြချင်တယ်။

* * *

ဦးဦးရှင့် .....

သမီးက ဒီနှစ်မှ ဆယ်တန်းတက်ရတာပါ။ အသက်ကတော့ ၁၇ နှစ်ရှိပါပြီ။ သမီးကို တစ်ခုပြောပြပေးပါ။

သမီးအကြောင်း အရင်ပြောမယ်နော်။

သမီးတို့အရပ်ထဲကပဲ ဖေဖေ့သူငယ်ချင်းရဲ့သားဆိုတာ ရှိတယ်။ သူက ဘွဲ့ရပြီးသားပါ။ သမီးကို အင်္ဂလိပ်စာ လာလာသင်ပေးတယ်။ အမြဲတော့ မဟုတ်ပါဘူး။ တစ်ခါတစ်လေပါ သင်္ချာတို့ ဘာတို့ မေးရင်လည်း တွက်ပြတယ်။



htttp://www.cherrythitsar.org



တစ်ရက်ကတော့ သူက သမီးကိုမေးတယ်။

ရည်းစားရှိသလားတဲ့။ သမီးက ဟင့်အင်းဆိုပြီး ခေါင်းရမ်းပြလိုက်တယ်။ နောက်တော့ ခေါင်းလည်း ငုံ့ထားမိတယ်။ ဘာလို့မှန်းမသိဘူး။ ရင်တွေပါဖိုလာတယ်။

နောက်တော့ ရည်းစားမထားနဲ့နော်ဆို ပြောပြီး ပြောပြောဆိုဆို သမီးနဖူးကို ငုံ့နမ်းပြီး ထွက်သွားတယ်။ သမီး အဲဒီနေ့ကတည်းက စာကျက်လို့မရပါ။ အဲဒီအကြောင်းချည်း တွေးပြီး ရင်ဖိုနေပါတယ်။ အဲဒါ သူ့ကိုချစ်လို့လား။ သူက ချစ်တယ် ပြောတာလဲမဟုတ်တော့ သမီးက ဘာဆက်လုပ်ရမှန်းမသိဘူး။ သူကတော့ အလာအသွားမပျက်ဘဲ။

သမီးကို အကြံပေးပါဦး ဆိုပြီး ရေးထားတဲ့စာပါ။ လေးလေး သူ့ဆီကို စာပြန်ခဲ့တယ်။

အဲဒီလူကို မေ့ထားလိုက်။ စိတ်ဝင်စားရင် စာမေးပွဲကြီးပြီးမှ သူကဆက်သွယ်လာရင် စဉ်းစဉ်းစားစားနဲ့ အဖြေပေးသင့် ပေး။ လောလောဆယ်တော့ အဲဒီကိစ္စကို မေ့ထားတာ အကောင်းဆုံးပဲလို့။ အဲဒီ သမီးငယ်ကတော့ သူ့စာမေးပွဲကိစ္စ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ချစ်ရေးမဆိုတာနေမှာ။ သူ့ကိုချစ်လို့ နမ်းသွားတာ။ သူကလည်းချစ်လို့ ရင်ဖိုတာဆိုတာမျိုးတွေပါရေးပြထားသေးတာ။

မဟုတ်ဘူးကွယ့်။

ပွင့်ပွင့်လင်းလင်းပြောရရင် ဘယ်ယောကျာ်းလေးက နမ်းနမ်း အနမ်းခံရရင် ရင်ဖိုမှာပဲ။ ရင်ခုန်မြန်မှာပဲ။ ရင်ခုန်မြန်တိုင်း



htttp://www.cherrythitsar.org



ရင်ဖိုတိုင်း ချစ်လို့ရယ်လို့ မထင်လေနဲ့။ လေးလေးတို့ဆီမှာက စည်းကမ်းဘောင်အတွင်း နေသားကျ ကြီးပြင်းခဲ့တာဆိုတော့ လူမှုဆက်ဆံရေးနယ်ပယ်မှာပါ မိန်းကလေးနဲ့ ယောကျ်ားလေးဟာ ရောရောထွေးထွေး ရှိခဲ့တာမဟုတ်ဘူး။ ဒီတော့ ယောကျ်ားလေး တစ်ယောက်ယောက်နဲ့ အနေနီးလိုက်တာနဲ့ အဖက်အပွေ့ ခံလိုက်ရတာနဲ့ အဲဒီယောကျ်ားလေးကို စွဲသွားရော။ မေ့မရအောင်ဖြစ်နေရော။ ဒီတော့ ဘာဖြစ်သလဲဆိုရင် အဲဒီ ပထမဆုံး တွေ့လိုက်ရတဲ့ ယောကျ်ားလေးဟာ ကိုယ့်ဘဝအတွက် အားကိုးရလောက်တဲ့ အရည်အချင်းမျိုး ရှိတယ်ဆိုရင် တော်သေးတယ်။ ပေါက်တက်ကရ ဘာအရည်အချင်းမှမရှိတဲ့ ရှူးကြောင်ကြောင် လူမျိုးကို သွားစွဲမိရင် ကိုယ်ကျိုးနည်းရော။ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရော။

ယောကျ်ားလေးတစ်ယောက်နဲ့ ကြုံရ ဆုံရလို့ ရင်ဖိုရတာ သာယာမှုရတာဟာ ကိုယ့်ချစ်သူမှ မဟုတ်ပါဘူး။ ဘယ်ယောကျ်ားလေးနဲ့ပဲ ကြုံကြုံ ဒီလိုပဲ ရင်ခုန်တာပါပဲ။ အထိအတွေ့ဆိုတာ ချစ်ခြင်းမေတ္တာနဲ့ မဆိုင်ဘူး။ သွေးသားဆန္ဒနဲ့ပဲ ဆိုင်တယ်။ အဲသလိုသိထားရင် အကြောင်းကြောင်းကြောင့် မမျှော်လင့်ဘဲ ယောကျ်ားလေးတစ်ယောက်ယောက်နဲ့ ဆုံလိုက်ရပေမယ့် အသိတရား ကင်းလွတ်လောက်အောင် စွဲလမ်းတာမျိုးတော့ မဖြစ်တော့ဘူးပေါ့။ ကိုယ်နဲ့ ဆုံမိတဲ့သူဟာ အားကိုးထိုက်သူ ဟုတ်ရဲ့လား။ မဟုတ်ရင် အနေနီးလို့ မတော်တဆ ကြုံဆုံရတာ

http://www.cherrythitsar.org



htttp://www.cherrythitsar.org



ကို စွဲလမ်းနေဖို့မလိုတော့ဘူး။ အဲဒီအတွေ့ အာရုံမျိုးဟာ ဘ၀ တစ်ခုလုံး ပုံပေးရလောက်တဲ့အထိ စွဲလမ်းစရာ မဟုတ်ဘူးဆိုတာ သိထားရင် နောက်ဆုတ်သင့်ရင် အချိန်မီ နောက်ဆုတ် လို့ရမယ် ပေါ့။

နောက်ပြီးတော့ လေးလေးတို့ မြန်မာလူမှုရေး အစဉ်အလာ အရ မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်နဲ့ လက်ပွန်းတတီး ရင်းရင်းနှီးနှီး ရောရောထွေးထွေးနေဖို့ ခွင့်ပြု မထားဘူးလေ။ ဒါကြောင့် ဖြစ်နိုင်ရင်တော့ အတတ်နိုင်ဆုံး ဆင်ဆင်ခြင်ခြင်နေ။ ဘယ်ယောကျ်ားလေးကိုမဆို အပြန်အလှန် လေးစားမှုနဲ့နေအောင် ဆက်ဆံပါ။


အကြောင်းကြောင်းကြောင့်များ လေးလေးဆီ စာရေးလိုက် တဲ့ သမီးငယ်လိုကြုံရရင် ....

ဘ၀အတွက် အဆုံးအဖြတ်တစ်ခုကို ခံစားမှုနဲ့ မဆုံးဖြတ် ပါနဲ့။ အသိဉာဏ်နဲ့ ဆုံးဖြတ်ပါလို့ လေးလေးမှာချင်တယ်။

အတွေ့မှာ စွဲလမ်းသွားလို့ မဆုံးဖြတ်သင့်တာ ဆုံးဖြတ်မိ ပြီး ဘ၀တစ်သက်လုံး ဒုက္ခရောက်သွားရသူတွေ အများကြီးပဲ။ ဒါကြောင့် လေးလေး အလေးအနက် သတိပေးချင်တယ်။

ချစ်သူနဲ့တွေ့မှ ရင်ဖိုတာမဟုတ်ပါဘူး။ ရင်ဖိုမိတိုင်း လက်ထပ် ဖို့ မဆုံးဖြတ်ပါနဲ့။ မမျှော်လင့်ဘဲ တွေ့လိုက်ရသူဟာ အားကိုး ထိုက်သူ ဟုတ်မဟုတ်။ ကိုယ့်ဂုဏ်သိက္ခာ။ မိဘရဲ့ အခြေအနေနဲ့ အံ၀င် မ၀င် အသိဉာဏ်နဲ့စဉ်းစားပါ။ ခံစားမှုမှာ မသာယာပါနဲ့။

ဖူးပါဝယ်



htttp://www.cherrythitsar.org



သာယာမှုဆိုတာ ဘယ်ယောကျ်ားလေးဆီက ဖြစ်ဖြစ် ရပါတယ်။

ကိုယ့်ဘဝအတွက် အားကိုးစရာကတော့ ယောကျ်ားတိုင်းဆီမှာ မရှိပါဘူး။ အိမ်ထောင်ဖက်ကို အသိဉာဏ်နဲ့ ရွေးချယ်ပါ။

●

## ထူးပါတယ်

ငါ့တူမများကို လေးလေး သတိပေးချင်သေးတယ်။ ဘာလဲဆိုတော့ ပျက်အစဉ် ပြင်ခဏဆိုတဲ့ စကားကိုပဲ။ အိမ်ထောင်ရေးနဲ့ ပတ်သက်လာရင် ဘယ်တော့မှ "မထူးတော့ဘူး၊ ဖြစ်ပြီးမှတော့ မျက်နှာမများချင်ဘူး" ဆိုပြီး မကောင်းမှန်းသိလျက်နဲ့ ရှေ့တိုးကြတာတွေရှိတယ်။

ကိုယ့်ရည်းစား အရက်သောက်လာလာ။ ဖဲဝိုင်းမှာတွေ့ခဲ့တယ်ပြောပြော။ ဆေးသမားဆိုဆို အရက်ဖိုး ဆေးဖိုးပေးပြီး ချစ်နေတဲ့ မိန်းကလေးတွေ တွေ့ဖူးတယ်။ သူတို့ကို သတိပေးလိုက်ရင် ဘေးစကားကို ကြားလေသွေးတာပဲ။ သူတို့ချစ်ခြင်းခွဲတာပဲ ဆိုပြီး သတ်မှတ်တာ။ ကိုယ်နဲ့ရတော့ ပြင်လိုက်ရင်ဖြစ်ပါတယ် ဆိုပြီး မျှော်လင့်ကြတာ။ တစ်နည်းအားဖြင့်တော့ လင်ကုန်ရှုံးရင် တစ်သက်လုံး မှောက်တယ် ဆိုတဲ့စကားကို မေ့နေကြတာ။


မင်းတို့ဂျင်
ဒီလောက်ကျပ်တွေ ကျော့
တော့ပါကွား..ခုတော့
ဆေးဖိုးလေး
ပေးပါဦး

htttp://www.cherrythitsar.org



ဒါကြောင့် ...

မသင့်လျော်တဲ့လူကိုများ ရည်းစားထားမိရင် ဘယ်တော့မှ မထူးတော့ဘူးဆိုပြီး ရှေ့မတိုးလေနဲ့။ မိဘဆွေမျိုးတွေက တား လာပြီဆိုရင် အပေါင်းအသင်း သူငယ်ချင်းတွေက သတိပေးလာ ပြီဆိုရင် လေးလေးနက်နက်စဉ်းစားပါ။

ချစ်ဆိပ်မွှန်တာက အခြားသောအဆိပ်တွေထက် ပြင်းတယ် ကွယ့်။ မိန်းကလေးတစ်ယောက်အတွက် အမြဲတန်ဖိုးထား ထိန်းသိမ်းရမယ့် အရှက်နဲ့ အကြောက်ကိုတောင် အစိပ်စိပ် အမွှာအမွှာ ပြိုကွဲစေသော အဲဒီအဆိပ်ပဲ။

ဒါကြောင့် ယောကျ်ားတွေနဲ့ ပတ်သက်လာရင် ကိုယ့်စိတ်ကို နိုင်အောင် ထိန်းနိုင်ဖို့ပါ လေးလေးက သတိပေးချင်တယ်။ မှားနေပြီဆိုတာသိတာနဲ့ ရပ်တန်းကရပ်ပါ။

မထူးပါဘူးဆိုပြီး ရှေ့မတိုးပါနဲ့။

ထူးပါတယ်။

●

htttp://www.cherrythitsar.org

# အချိုဝင်ကြို့ ဆိုင်းသမျှ



htttp://www.cherrythitsar.org



# ဘာကြောင့်

"အပျိုစင်တို့ သိသင့်သမျှ" အခန်းမှာတော့ သိသင့်သမျှကို လေးလေးတွေးရသမျှ ရေးပြထားပါတယ်။ ပထမစာအုပ်နဲ့ ဒုတိယစာအုပ်မှာ မပြောရသေးတာတွေပါ။

သိသင့်သမျှကို ရေးပြပါလျက်နဲ့ မသိမှာစိုးလို့ လက်မခံနိုင်မှာစိုးလို့ "ဘာကြောင့်" ရေးရတယ်။ ပြောရတယ်ဆိုတာ လေးလေးရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေနဲ့အတူ ရှင်းပြရေးသားထားပါတယ်။

ယောကျ်ားလေးပဲ ဖြစ်ဖြစ်။

မိန်းကလေးပဲ ဖြစ်ဖြစ်



htttp://www.cherrythitsar.org



လူငယ်ဆိုတာ လက်ခံနိုင်လောက်တဲ့ အကြောင်းပြချက် မပါတဲ့စကားဆိုရင် ဘယ်လောက်ပဲ မှန်နေနေ၊ ကောင်းနေနေ နှစ်နှစ်ကာကာ ယုံကြည်လက်ခံဖို့ ဝန်လေးတယ်။ နှစ်နှစ်ကာကာ ယုံကြည်လက်ခံဖို့ဆိုတာ ...

" အင်း... ခင်ဗျားပြောတာ ကောင်းပါတယ်" ဆိုတဲ့ လက်ခံနည်းမျိုးမဟုတ်ဘဲ

"ကျွန်တော် အဲဒီအတိုင်းဖြစ်အောင် ကြိုးစားမယ်၊ လုပ်မယ်။" ဆိုတဲ့ လက်ခံနည်းမျိုးပါ။ ကိုယ်ယုံကြည် လက်ခံလိုက်ပြီ ဆိုတာနဲ့ လိုက်နာဖို့တာဝန် ရှိသွားပြီ။ ကောင်းသောစကား၊ ကောင်းသော အမူအကျင့်ဆိုတာ သိရုံနဲ့ ဘဝအတွက် တိုးတက်မှု မဖြစ်နိုင်ပါဘူး။ သိတာတွေ လိုက်နာကျင့်သုံးမှ ဘဝအတွက် တိုးတက်ရာ တိုးတက်ကြောင်းတွေ ဖြစ်တာပါ။

ဒါကြောင့် "သိသင့်သမျှ" ကို ရေးတဲ့ဆီမှာ ဘာကြောင့် သိသင့်တယ် ဆိုတဲ့အချက်ကို ပေါ်လွင်အောင် လေးလေးရဲ့ အတွေ့အကြုံတွေကိုပါ ဖော်ပြပေးထားပါတယ်။

လေးလေးထားတဲ့ စေတနာအတွက် တူသောအကျိုး ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။

●

## ကိုယ့်ညံ့ကိုယ်သိမှတော်တာ



htttp://www.cherrythitsar.org



# ကိုယ်ညံ့လို့ သူတော်တာ

ငါ့တူမများကို လေးလေး ကျောင်းနေတုန်းက အခြေအနေ ပြောပြချင်တယ်။ လေးလေးနေရတဲ့ စာသင်ခန်းမှာ လူတော်တွေ ချည်းများ စုနေသလားလို့တောင် ထင်ရတယ်ကွ။ လေးလေးရဲ့ နောက် လှည့်ကြည့်လိုက်ရင် တစ်ခါတလေမှ တစ်ယောက်စ နှစ်ယောက်စ တွေ့ရတယ်။ တစ်ခါတလေ လူပျောက်နေတယ်။ အကုန် လေးလေးရှေ့ကချည်းပဲ။ နောက်ဆုံးကစ ရေတွက်မယ် ဆိုရင်တော့ လေးလေးရဲ့ အခြေအနေက လစဉ် တစ် နှစ် သုံး အတွင်းမှာ ရှိနေတယ်ဆိုရမှာပေါ့။ ဒီတော့ စဉ်းစားတယ်။ အဲဒီ တုန်းက သူတို့တော်လို့လား။

သေသေချာချာ စဉ်းစားလိုက်တော့ သူတို့တော်တာ မဟုတ် ဘူးကွယ့်။ လေးလေး ညံ့နေတာ။

အဲ .......

လေးလေးက ဉာဏ်ထိုင်းသလားဆိုတော့ မထိုင်းဘူး။ ဘာလို့ အဲသလို ပြောနိုင်သလဲဆိုရင် ကျောင်းစာနဲ့ မပတ်သက်တာ တွေဆို အကုန်တော်နေတာကိုး။ ဝီရိယလည်း ရှိသလား မမေးနဲ့။ စာကျက်ဖို့ကလွဲရင် ကျန်တာ အကုန်ကြိုးစားတာ။ အဲဒီတုန်းက "ဝမ်းနည်းဝမ်းသာ" ရုပ်ရှင်ကားကို တစ်ကားလုံး အလွတ်ရအောင် ကြည့်ဖူးတယ်။ သင်နေရတဲ့ စာသာ တစ်လုံးမှ မရတာ။ ဆရာက စာမေးတော့ မင်းသားကြီး ဦးမြတ်လေးလို မျက်ခုံးတစ်ဖက်ပင့်ပြေလို့ အရိုက်ခံရဖူးပါရဲ့။ စိတ်ဝင်စားတဲ့



htttp://www.cherrythitsar.org



အရာတွေက အဓိပ္ပာယ်မရှိတာတွေမို့သာ။ ဝီရိယရှိပုံကတော့ ကမ်းကုန်ရော။

မှတ်မှတ်ရရ လုပ်ရပ်တစ်ခု ပြောပြရဦးမယ်။

လေးလေး ဆယ်တန်းနှစ်မှာပေါ့။ ရုပ်ရှင်မင်းသားကြီးက "နှစ်ယောက်တည်း နေချင်တယ်" ဇာတ်ကားနဲ့ တစ်ရှိန်ထိုး အောင်မြင်လာတဲ့အချိန်။ လေးလေးတို့ အတန်းထဲက မိန်းကလေး တွေက "ဝင်းဦး" ဓာတ်ပုံရရင် ဘယ်လောက်ပေးရပေးရ ဝယ် မယ်ပေါ့။ ဒီတော့ လေးလေးရယ်၊ လေးလေးရဲ့ သူငယ်ချင်း ကိုခင်မောင်တင့်ရယ် မင်းသားကြီး ဦးဝင်းဦးရဲ့ ဓာတ်ပုံရဖို့ အကြံအဖန်လုပ်ကြတယ်။ လေးလေးတို့ဟာ ဆံပင်ကို အလယ် မကျတကျခွဲပြီး အိုးမည်းနဲ့ နှုတ်ခမ်းမွေးဆွဲ။ ပြီးတော့ ဓာတ်ပုံ ရိုက်။ အဲဒီဓာတ်ပုံကို ဦးဝင်းဦးဆီပို့။ ဓာတ်ပုံချင်းလဲပါပေါ့။ ကျွန်တော်တို့ဟာ မင်းသားကြီးရဲ့ ပရိသတ်တွေပါပေါ့။

မရပါဘူး။

ဟိုက သူ့ပြောင်တယ်ထင်ပုံရပါတယ်။ လေးလေးနဲ့အတူ ရုပ်ခဲ့တဲ့ ကိုခင်မောင်တင့်ဆိုတာ ခုတော့ ရှုတင်မန်နေဂျာ ဖြစ်နေတယ်။ "သကြိန်မိုး" တို့၊ "ဒဏ္ဍာရီ" တို့၊ သွေးအတွက် သွေး" တို့မှာ ရှုတင်မန်နေဂျာအဖြစ် တာဝန်ယူခဲ့တဲ့သူပေါ့။ အဲဒီတုန်းက လေးလေးရဲ့ ဘကြီးတစ်ယောက်က လေးလေး တို့ရဲ့လုပ်ရပ်တွေကို ကြည့်ပြီး ...

"ငါ့မြေးလုပ်သမျှ ကြည့်နေရတာ ငါ ကွမ်းဝါးနေရသလို ပါပဲကွာ။ အရည်မရ အဖတ်မရတွေချည်းပဲ။" လို့ မှတ်ချက်

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



ချဖူးတယ်။ လေးလေးတို့ နှစ်ယောက်ကို ကျောင်းအုပ်ဆရာကြီးကတော့ အားကိုးပါတယ်။ ဆရာကန်တော့ပွဲကို စည်ကားအောင် လုပ်တတ်လို့တဲ့။ ဆရာကန်တော့ပွဲဆိုတာနဲ့ တေးသရုပ်ဖော်တွေ။ ကျဘမ်းစကားပြောပွဲတွေ။ စကားရည်လုပွဲတွေနဲ့ လုံးလည်လိုက်နေတော့တာပဲ။ ကျောင်းမှန်တဲ့ရက်ဆိုလို့လဲ တစ်နှစ်လုံးမှာ အဲသလိုရက်တွေပဲ ရှိတယ်။

မှတ်မိသေးတယ်။

အဲဒီတုန်းက ဆရာကန်တော့ပွဲမှာ ထွေးညိုပြဇာတ်ကတာ။ ဇာတ်ထုပ်ကို နောက်ကဖွင့်ပေးပြီး ရှေ့ကသရုပ်ဆောင်တာပါ။ ဇာတ်သိမ်းမှာ လေကြီးမိုးကြီးကျပြီး ညောင်ကိုင်းကြီးပြတ်ကျဖို့အတွက် လေးလေးက တာဝန်ယူရတယ်။ ဖျာလိပ်ကို စက္ကူပတ်။ သစ်ကိုင်းနဲ့တူအောင် ဆေးခြယ်။ ညောင်ရွက်နဲ့ ညောင်ကိုင်းသေးသေးလေးတွေ ဖျာလိပ်မှာထိုးပြီး နဖူးစီးအကွယ်ကနေ တက်ကိုင်ထားတာ။ ထွေးညိုက ညောင်ပင်အောက် ပြေးအဝင်။ ဘကြီးမှုံက ......

"ထွေးညို ညောင်ပင်အောက်ကို မသွားနဲ့"

"ထွေးညို ညောင်ပင်အောက်ကို မသွားနဲ့"ဆိုပြီး နောက်ကနေ အော်လိုက်လာတာ၊ သစ်ကိုင်းက ကျိုးကျ။ ထွေးညိုအပေါ်ပိ။

ထွေးညိုဆုံးတော့မှ ကိုသစ္စာ ပြန်ရောက်လာတဲ့အချိန်၊ ဘကြီးမှုံက ...

"မောင်သစ္စာ–မင်းအလာကောင်းပေမယ့် အခါနှောင်းပြီကွယ်"ဆို တုန်တုန်ရီရီနဲ့ပြော။ ဇာတ်လမ်းက အဲသလိုကိုး။



htttp://www.cherrythitsar.org



လေးလေးတို့ ကပြကြတော့ အဲဒီအချိန်မှာ လေးလေးက ဖျာလိပ် လွှတ်ချလိုက်တာ လေကဝေ့လိုက်တော့ ညောင်ကိုင်းက (ဖျာလိပ်) ထွေးညိုအပေါ်မကျဘဲ ဘကြီးမှုံအပေါ် သွားကျရောဗျ။

ပရိသတ်ကလည်း ဝေါခနဲရယ်။ မင်းသမီးကလည်း ဗိုက် နှိပ်ရယ်။ ဘကြီးမှုံကလည်း ယောင်ရမ်းပြီး အားဆိုအော်လို့ လုံအိပ်လိုက်။ နောက်က ကိုသစ္စာက ရှေ့ကဖြစ်နေတာတွေ ဘာမှမသိဘူး။ ညောင်ကိုင်းကျိုးတာ သဘောကျလို့ရယ်ကြတာ မှတ်နေတာတဲ့။ ဟန်နဲ့ ပန်နဲ့ထွက်လာတာပေါ့။ အဲဒီတင် မင်းသမီးက ...

"ကိုသစ္စာ ကိုသစ္စာ အလာကောင်းပေမယ့် အခါနှောင်းသွား ပြီ၊ ဘကြီးမှုံတစ်ယောက်တော့ ညောင်ကိုင်းပိလို့ သေရှာပြီ။" လို့ ပြောပြီး ကန့်လန့်ကာ ချပစ်ရတာပေါ့။ ကိုသစ္စာကတော့ ပါးစပ်ဟောင်းလောင်းကြီးနဲ့ မင်းသမီးကရယ်။ ပရိသတ်ကရယ် တော်တော်နဲ့ကို ရယ်လို့မပြီးတော့ဘူး။

လေးလေးတို့ လုပ်လိုက်မှဖြင့် အဲသလိုချည်းပဲ။ ဒီလိုနဲ့ စားမေးပွဲကြီးဖြေရရောဗျ။ ဘာပြောကောင်းမတုန်း။ လက်တွဲညီညီ နဲ့ ကျလိုက်တာ ဘုန်းခနဲ အုန်းခနဲပဲ။ အဲသလို ဆယ်တန်းမှာ လေးနှစ်လေးမိုး ပညာသင်လိုက်တော့ လေးလေးရဲ့ မိဘများဟာ လေးလေးရဲ့ အရည်အသွေးကို အမှန်အတိုင်း မြင်သွားတယ်။ ဒီတော့ လေးလေးရဲ့အဖေက ..

"မင်း ဘာဖြစ်ချင်တာလဲ"

htttp://www.cherrythitsar.org



"ကျွန်တော် အောင်မြင်ကျော်ကြားတဲ့လူ၊ လူတိုင်းက ဂရုစိုက်ရတဲ့လူ။"

"ဖြစ်တော့မှာပဲ"

"ဟုတ်ကဲ့"

"ဘာ ဟုတ်ကဲ့လဲ"

"ဖြစ်တော့မှာ ဆိုလို့"

"မဖြစ်နိုင်လို့ ပြောတာကွ။ စာမေးပွဲ တဘုန်းဘုန်းကျနေတဲ့ကောင်က"

"ဟာဗျာ ... အဲဒါက ကျွန်တော် စိတ်မဝင်စားလို့ပေါ့ ကျွန်တော်စိတ်ဝင်စားတာဆိုရင်"

"ပြောစမ်းပါဦး၊ မင်းက ဘာများ စိတ်ဝင်စားလို့လဲ"

"ကျွန်တော်က အနုပညာ။ ပန်းချီပညာ"

လေးလေးက အဲသလိုလည်းပြောရော လေးလေးရဲ့အဖေဟာ တိုနေတဲ့စိတ် ဆန့်ထွက်သွားပြီး ဟီးခနဲရယ်တော့တာ။ လေးလေးရဲ့ ပန်းချီဝါသနာကြောင့် ထွေးညိုဆက်တင်လုပ်တဲ့ ညောင်ကိုင်းသတင်းကို သိထားတာကိုး။

"ကောင်းပြီ၊ မင်းဝါသနာပါတာ မင်းလုပ်။ ထွန်းထွန်းပေါက်ပေါက် မဖြစ်လို့ကတော့ အသတ်ပဲ"

အဲဒီလိုနဲ့ ကျောင်းစာသင်ခန်းထဲက ထွက်ခဲ့ရပြီး အနုပညာကျောင်းက ပန်းချီသင်တန်းထဲ ရောက်ခဲ့ရတာပါပဲ။ လေးလေးဒါတွေကို ပြန်ရေးပြနေရတာက လူဆိုတာ ဘယ်လို ပင်ကိုစွမ်းရည်တွေပဲရှိနေနေ ကိုယ်လုပ်နေရတဲ့ အလုပ်ပေါ်မှာ စိတ်

htttp://www.cherrythitsar.org



ဝင်စားမှုမရှိရင် မကြိုးစားရင် အချိန်ဖြုန်းရာ ရောက်တယ်ဆိုတာ ပြောချင်လို့ပဲ။

လူတိုင်းမှာ ပင်ကိုအရည်အသွေးကတော့ ရှိပါတယ်။ ငါ့တူမများမှာလည်းရှိတာပဲ။ အဲဒီအရည်အသွေးကို စနစ်တကျ ပြုစုပျိုးထောင်ရင် လူတော်လူချွန် ဖြစ်မှာပဲ။ ကျောင်းနေတုန်းဆိုရင် ကျောင်းစာကို စိတ်ပါလက်ပါ ကြိုးစားပါ။ တကယ်ကြိုးစားရင် မညံ့ပါဘူး။ မကြိုးစားချင်ဘူးဆိုရင် ကျောင်းကသာ ထွက်လိုက်။ မိဘပိုက်ဆံလည်း ဖြုန်းမနေပါနဲ့။ ကိုယ့်အချိန်တွေလည်း မဖြုန်းပါနဲ့။

ယောကျ်ားလေးဆိုရင် အချိန်တွေကိုဖြုန်းနေတဲ့အတွက် ပညာရှာရမယ့်အရွယ်မှာ အချောင်စားနေလို့ စီးပွားရှာရမယ့်အရွယ်မှာ ထိုင်ငတ်နေရလိမ့်မယ်။

မိန်းကလေးဆိုရင်လည်း ပညာရှာရမယ့်အရွယ်မှာ ပညာရေးထူးချွန်အောင်မလုပ်ရင် စီးပွားရှာရမယ့်အရွယ်မှာ တွေ့ရာယောကျ်ား အမြန်ယူပြီး အားကိုးရှာရလိမ့်မယ်။

ငါ့တူမများ စဉ်းစားစမ်း။

မင်းတို့ ကျောင်းနေတုန်းဆိုရင် မင်းတို့ အတန်းထဲက တော်ပါတယ်ဆိုတဲ့ ကျောင်းသား ကျောင်းသူဟာ ဆရာသင်ပေးတာထက်များ ပိုတတ်နေသလား။ စာမေးပွဲမှာ အမှတ်တစ်ရာဖိုးမေးတာကို တစ်ရာ့နှစ်ဆယ်ရအောင်များ ဖြေတတ်သလား။

သင်ထားတာကို မေးတယ်။

သိထားတာကို ဖြေနိုင်တယ်။

htttp://www.cherrythitsar.org



ဒါ တော်တာမဟုတ်ဘူး။ ပုံမှန်ကွယ့်။ စဉ်းစားစမ်းပါ။ သေသေချာချာ စဉ်းစားစမ်းပါ။ မင်းတို့က သင်ပေးထားတာကို မရလို့။ မဖြေနိုင်လို့။ ညံ့လို့။ သင်ပေးထားတာ ဖြေနိုင်တဲ့ ပုံမှန် သမားက တော်သလိုဖြစ်နေရတာ။ တစ်နှစ် တစ်တန်းအောင်တာ လူတော် မဟုတ်ပါဘူး။ တစ်နှစ် သုံးတန်းလောက်အောင်မှ တော်တာ။ လေးလေးတို့ ခုနစ်တန်းနှစ်မှာ ကြုံဖူးတယ်။ အဲဒီ တုန်းက ခုနစ်တန်းက အစိုးရစစ်။ ဘုတ်စစ်ပေါ့လေ။ လေးလေး တို့နေတဲ့ကျောင်းကို မိန်းကလေးနှစ်ယောက် ရောက်လာတယ်။ သူတို့က လေးတန်းအောင်ပြီး ငါးတန်းရောက်လာတာ။ ပထမ အစမ်းစာမေးပွဲလည်းဖြေရော တော်လွန်းလို့ဆို ခြောက်တန်း တင်ပေးလိုက်တယ်။ ခြောက်တန်းမှာ နှစ်လလောက်တောင် မနေလိုက်ရပါဘူး။ တော်လို့ဆိုပြီး ခုနစ်တန်းပို့လိုက်တယ်။ ခုနစ်တန်းမှာ အတူသင်ရကတည်းက သိလိုက်တယ်။ ဒီကောင်မ လေးတွေ သေချာပေါက်အောင်မှာပဲဆိုတာ။ အဲဒီနှစ်က လေးလေး သာ လိမ်ဖယ်လိမ်ဖယ်နဲ့ အောင်တာ။ သူတို့က တကယ့်ကို လွတ်လွတ်ကျွတ်ကျွတ် ဂုဏ်ထူးသုံးဘာသာလောက်စီနဲ့ အောင် သွားတာ။ မန္တလေးမြို့ အမှတ်(၃) အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဘသော် လက်ထက်ပေါ့။ အဲဒါမျိုးကမှ တကယ်တော်တာ။

အဲသလိုမဟုတ်ဘဲ အတူတူသင်ပေးတဲ့စာ ကိုယ်က မကြိုးစား လို့ မရတာနဲ့ ညံ့တာနဲ့ ပုံမှန်စာရတဲ့လူက လူတော်ဖြစ်နေရတာ

htttp://www.cherrythitsar.org



ဟာ အဓိပ္ပာယ်မရှိဘူး။ သူတော်လို့ ကိုယ်ညံ့တာ မဟုတ်ဘူး။ ကိုယ်ကညံ့လို့ သူတော်နေရတာ။

ငါ့တူမများ စဉ်းစားကြည့်စမ်း။

တို့တတွေဟာ ကျောင်းမှာလည်းညံ့မယ်။ စီးပွားရေးလောက မှာလည်း ညံ့မယ်။ အသက်ကြီးထိ ညံ့မယ်ဆိုပြီး ညံ့တာကို သက်တမ်းတစ်လျှောက်လုံး ကန်ထရိုက်ယူထားကြရင် ဘယ်လို လုပ် တိုးတက်မှာလဲ။ လေးလေး ဒီစကားတွေကို စိတ်ရင်းမှန်မှန် စိတ်ထားဖြူဖြူနဲ့ ပြောတာပါ။ လူတွေအားလုံးကို စတီရီယို ခေတ်ဦးက ဆိုထားတဲ့ "တာဝေး အပြေးသမား" တွေလို့ပဲ မြင်ပါတယ်။ တို့မှာ ဇွဲမရှိရင်။ ဝီရိယမရှိရင်။ မကြိုးစားရင် ရည်ရွယ်ချက်ပန်းတိုင် ရောက်မယ်မဟုတ်ဘူး။ "ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး" ပေါ့ကွာ။ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက် ဦးတော့ သူများနောက်ကဖြစ်မှာပဲ။


လူ့ဘဝကြီးမှာ "ဇွဲ" ဆုလောက်နဲ့ ကျေနပ်ပြီး မသေရုံ တစ်မယ် စားနေရတယ်ဆိုရင် ဘယ်ဟုတ်ပါ့မလဲ။

ဘယ်လိုလုပ် ကျေနပ်စရာ ကောင်းမလဲ။

ဒီတော့ တို့တွေဟာ ရှေ့ဆုံးက ရောက်နေမှဖြစ်မယ်။ တာဝေးပြေးနေကြရတဲ့ဆီမှာ ကိုယ့်ရှေ့ရောက်နေသူကိုလည်း ခြေထိုးခံဖို့ မလိုပါဘူး။ ကိုယ်က သူ့ရှေ့ရောက်အောင် ပြေးနိုင် ရင် သူ ကိုယ့်နောက် ရောက်သွားမှာပဲ။ ကိုယ်ညံ့လို့ သူတော် နေတာလို့ မြင်ထားလိုက်ပြီဆိုတာနဲ့ ကိုယ့်ထက်သာလို့ မနာလို တာလည်း မဖြစ်တော့ဘူး။

htttp://www.cherrythitsar.org

# သမီးတို့အလှပြင်ဘက်



htttp://www.cherrythitsar.org



"ငါ ကြိုးစားရမယ်" ဆိုတဲ့ အသိ ဝင်လာလိမ့်မယ်။ နိဂုံးချုပ် လေးလေးမှာချင်တယ်။ ငါ့တူမများ မှတ်ထားပါ။

(၁) ဘဝ တာဝေးပြေးရတဲ့ဆီမှာ ဖွဲ့ဆုလောက်နဲ့ မကျေနပ်ကြပါနဲ့။

(၂) ဒီနေ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတွေမှာ ညွှန့်လူမျိုးတွေ "လူတော်" ဖြစ်နေတယ်နော်။ နောင်ဆိုတဲ့ အနာဂတ်ကာလမှာ ငါ့တူများ ငါ့တူမများ "တော်"မှ ဖြစ်မယ်။

(၃) သူတော်တာ ကိုယ်ညံ့လို့ပါ။
ကိုယ်တော်အောင် လုပ်ကြပါ။

●

# သမီးတို့အတွက်

## ပြိုင်ဘက်

လူတစ်ယောက် တိုးတက်ဖို့အတွက် အခြေခံအချက်တွေထဲမှာ ယှဉ်ပြိုင်မှုရှိဖို့ဆိုတာ အရေးပါတဲ့ အချက် တစ်ချက်ပဲ။ ယှဉ်ပြိုင်စရာရှိနေမှ၊ ယှဉ်ပြိုင်ချင်စိတ်ရှိနေမှ...

လေ့လာမှု ...

လေ့ကျင့်မှု...

ကြိုးစားမှု... ဆိုတာတွေ ရှိမှာပါ။ လူ့ဘဝ ရပ်တည်နေဖို့

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



အတွက် လူတိုင်းဟာ ကံကြမ္မာနဲ့ ယှဉ်ပြိုင်နေကြရတယ်လေ။ ကိုယ့်ရဲ့ အနာဂတ်ကို ကိုယ့်ဟာကိုယ် ပုံဖော်ဖို့ ပန်းပုထုနေကြရတာကွယ့်။ ဖွဲ့ရှိရင် လှလှပပဖြစ်မယ်။ ကိုယ့်ဘဝ အနာဂတ်ကိုမှ ကိုယ်ဘာဖြစ်ချင်မှန်း မသိရင် မျှော်မှန်းထားတာမရှိရင်။ အချိန်တန် အရွယ်ရောက်တာနဲ့ ယောကျ်ားကို အားကိုးရမှာပဲ။

ငါ့တူမများ တွေးကြည့်စမ်းပါ။ ဘောလုံးပွဲတွေ၊ အပြေးပြိုင်ပွဲတွေလိုဟာမှာသာ ကိုယ်က ပွဲကြည့်လုပ်နေလို့ရပေမယ့် အနာဂတ်အတွက် ကံကြမ္မာကို ယှဉ်ပြိုင်ရာမှာတော့ ပွဲကြည့်လို ဘေးကထိုင် ပရိသတ်လုပ်နေလို့ မရပါဘူး။ ကိုယ့်ဘက်က ကြိုးစားမှုမရှိလိုက်တာနဲ့ ကံကြမ္မာက ကိုယ့်ဘဝကို တစ်ဖက်သတ် အနိုင်ယူသွားမှာပါပဲ။

ငါ့တူမများဘဝ တိုးတက်ချင်ရင် ကံကြမ္မာကို ဘယ်လိုရင်ဆိုင်မလဲ။ အနာဂတ်ကို ဘယ်လိုပုံဖော်မလဲ။ အဲဒီအချက်ကို ပြတ်ပြတ်သားသား စဉ်းစားထားသင့်တယ်။ မိန်းကလေး တစ်ယောက်ရဲ့ ဘဝရည်မှန်းချက်ဟာ "ယောကျ်ားတစ်ယောက်" ရရေးထက်တော့ ပိုရမှာပေါ့။ စဉ်းစားကြည့်စမ်း။ ဒီနေ့ ထူးချွန်တဲ့ အမျိုးသမီးတွေဟာ သူတို့ ဘဝရည်မှန်းချက်ထားပြီး သူတို့ ဖြစ်ချင်တာကို ကြိုးစားခဲ့ကြလို့ ထူးချွန်ခဲ့ကြတာ။ ထူးချွန်တဲ့ အမျိုးသမီးဦးရေ နည်းတာဟာ ဘဝအတွက် ရည်မှန်းချက်ထားပြီး ကြိုးစားတဲ့ အမျိုးသမီးတွေ နည်းသေးလို့ပဲ။ ငါ့တူမများ လက်ထက်မှာ ထူးချွန်တဲ့ အမျိုးသမီးတွေများပါစေဟေ့။



htttp://www.cherrythitsar.org



အဲသလို ထူးချွန်ဖို့၊ တိုးတက်ဖို့ ဘယ်သူ့ကို ယှဉ်ပြိုင်ရမလဲ။ တစ်ဆင့်ချင်း စဉ်းစားရအောင်။

မင်းတို့ ကျောင်းနေတုန်းဆိုရင် ကျောင်းစာမှာ အထူးချွန် ဆုံးဖြစ်ဖို့လိုတယ်။ အမြဲ တိုးတက်နေဖို့လိုတယ်။ အဲသလို ထူးချွန်တိုးတက်နေအောင် မင်းပြိုင်ရမှာက မင်းကိုယ်မင်းပဲ။ မင်းရဲ့ ပြိုင်ဖက်က တခြားလူမဟုတ်ဘူး။ ဒီအချက်ကို သိထား ဖို့လိုတယ်။ မင်းရဲ့ ပြိုင်ဖက်ဟာ တခြားလူ တစ်ယောက်ယောက် လို့ ထင်လိုက်တာနဲ့ မင်းရဲ့တိုးတက်မှုဟာ အတိုင်းအတာ တစ်ခုထိပဲ ဖြစ်တော့မယ်။ အစဉ် တိုးတက်မနေတော့ဘူး။ ဘာလို့လဲဆိုတော့ မင်းရဲ့ပြိုင်ဖက်လို့ မင်းသတ်မှတ်ထားတဲ့ သူထက် မင်းကသာတာနဲ့ ကျေနပ်သွားတော့မှာကိုး။

ပြီးတော့...

မင်းဟာ အတန်းထဲမှာ ပထမရနေတဲ့ ကျောင်းသူဆိုရင် မင်းကိုယ်မင်း ကျေနပ်နေမလား။ စဉ်းစားပါ။ (လေးလေးက ခဏခဏ စဉ်းစားပါလို့ ခိုင်းနေရတာဟာ မိန်းကလေး အတော် များများဟာ အလှအပအတွက်ကလွဲရင် ဘာကိုမှ သိပ်အလေး အနက် မစဉ်းစားကြလို့ပါ။) ကိုယ်က အတန်းထဲမှာ ပထမရနေ ပေမယ့် ကိုယ်တော်လွန်းလို့ ပထမရတာမဟုတ်ဘဲ တခြား ကျောင်းသူ ကျောင်းသားတွေက ညံ့လွန်းလို့ မင်းပထမရတာရော မဖြစ်နိုင်ဘူးလား။ အမှတ် သုံး–လေးဆယ်သာ ရနေကြတဲ့ ကျောင်းသား ကျောင်းသူတွေကြားမှာ မင်းက လေးဆယ့်ငါးမှတ် လောက်စီရပြီး ပထမရနေတာဆိုရင် မင်းရဲ့ ပညာရေးကို

htttp://www.cherrythitsar.org



အားရစရာလို့ ယုံကြည်သတ်မှတ်မလား။ ငါ ပထမရနေတာပဲ ဆိုပြီး ကျေနပ်နေသင့်သလား။ စဉ်းစားနော်။ ညံ့နေတဲ့လူတွေကြားမှာ တော်နေတဲ့လူတစ်ယောက်အတွက် ပြိုင်ဖက်ဟာ ဘယ်သူဖြစ်သင့်သလဲ။

ယှဉ်ပြိုင်စရာရှိမှ ကြိုးစားဖြစ်မှာ။

ယှဉ်ပြိုင်မှုရှိမှ တိုးတက်မှာ။

ရှင်းရှင်းလေးပဲကွ။ မင်းတို့ရဲ့ ယှဉ်ပြိုင်ဖက်ဟာ မင်းတို့ပဲ။ သူများမဟုတ်ဘူး။ လူဆိုတာ ကိုယ့်ကိုယ်ကို အမြဲယှဉ်ပြိုင်နေရတယ်ကွ။ ယှဉ်ပြိုင်တဲ့နေရာမှာလည်း ဘဝအတွက် အကျိုးရှိမယ့် အရာတော့ ဖြစ်ဖို့လိုသပေါ့။ မနေ့ကထက် ဒီနေ့လှအောင် ဆိုယှဉ်ပြိုင်နေရင် အသက်ကြီးလာလို့ အိုစာလာတဲ့အခါ "ဇရာ" ကို အရှုံးပေးလိုက်ရမှာပဲ။

မနေ့ကထက် ဒီနေ့သာအောင်

မနေ့က "ငါ" ထက် ဒီနေ့ "ငါ" က ပိုတော်အောင်

ပညာရေး ...

စီးပွားရေး ...

လူမှုရေး ... တွေမှာ ယှဉ်ပြိုင်ရမှာ။ အဲသလို ယှဉ်ပြိုင်နေရင် အဲဒီလူ တိုးတက်မှာ သေချာတယ်။ ဒီအတွေးအခေါ် ဒီအယူအဆ ဒီစကားဟာ ဘယ်နိုင်ငံက ပညာရှိကြီးရဲ့ အတွေးအခေါ်ပါလိမ့်ဆိုပြီး ထင်မနေနဲ့။ ဒါ မြန်မာစစ်စစ် ဗမာကြီး ဆိုင်းဆရာကြီး "စိန်ဗေဒါ" ပြောခဲ့တဲ့စကားကွ။ ဦးလေးတို့ မမီလိုက်ပေမယ့်

htttp://www.cherrythitsar.org



လူကြီးများ အဆင့်ဆင့် မှတ်သားခဲ့၊ မှတ်တမ်းတင်ခဲ့လို့ သိရတာ။ ဆိုင်းဆရာကြီး စိန်ဗေဒါက ပြောသတဲ့။

"စိန်ဗေဒါ ဘယ်သူ့မှ ပြိုင်နေတာ မဟုတ်ပါဘူး၊

မနေ့က စိန်ဗေဒါကို ဒီနေ့ စိန်ဗေဒါက ပြိုင်နေတာပါလို့" ကောင်းလိုက်တဲ့ စကားကွာ။ လက်ဖျားခါလောက်အောင် ကောင်းတဲ့စကား။ တန်ဖိုးရှိလိုက်တဲ့စကား။ ငါတို့ မြန်မာ တစ်မျိုးသားလုံး လိုက်နာကျင့်သုံးရမယ့် နည်းလမ်းဟေ့။ ငါ့တူများရော ငါ့တူမများပါ ဒီစကားကိုတော့ အလေးအနက် မှတ်ထားစမ်း။ ရင်ထဲရောက်အောင် သွင်းထားစမ်း။ အသိစိတ်ထဲမှာ အမြဲရှိနေပလေ့စေ။

သိပြီးတာနဲ့ လက်တွေ့ ကျင့်သုံးပေတော့။
မင်းတို့ရဲ့ ပြိုင်ဖက်ဟာ မင်းတို့ပဲ။
မနေ့ကထက် ဒီနေ့သာအောင် မပြိုင်နိုင်ရင်
မင်းတို့ဘဝ မတိုးတက်ဘူးဆိုတာ ယုံ။ ။


●

# ပစ္စုပ္ပန်ဆိုတာ မရှိဘူး

မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ဘဝ လုံခြုံတိုးတက်အောင် ထူထောင် တည်ဆောက်ဖို့အတွက် ယောကျ်ားတွေအကြောင်းသိဖို့လိုသလို အထွေထွေ တွေးခေါ် မြော်မြင်မှုပါရှိဖို့

htttp://www.cherrythitsar.org

## ပစ္စုပ္ပန်ကိုတာဝန်ယူကြ



htttp://www.cherrythitsar.org



လိုတယ်ကွယ့်။ မှန်မှန်ကန်ကန် တွေးခေါ် မြော်မြင်တတ်ဖို့ အတွက် အသိဉာဏ်ရှိရမယ်။ ကြိုတင် စဉ်းစားတတ်ရမယ်။

"အချိန်" ရဲ့ အကြောင်းကို သေသေချာချာ သိမယ်ဆိုရင် ကြိုတင်စဉ်းစားတဲ့ အလေ့အကျင့် ရသွားမှာပါ။

ကဲ... လေးလေးမေးမယ်။

ငါ့တူမများ "အချိန်" ကို ဘယ်လိုနားလည်ထားသလဲ။ အချိန်အကြောင်း ဘယ်လောက်များသိသလဲ။ အချိန်ရဲ့အကြောင်း မသိလို့ အချိန်ရဲ့တန်ဖိုး နားမလည်လို့ သန်းဥစမ်းရင်း။ နှုတ်ခမ်းနီဆိုးရင်း။ အတင်းပြောရင်း။ အချိန်တွေကုန်နေရတာပေါ့။ အချိန်ရဲ့ အကြောင်းမသိလို့ ပြင်မရတဲ့အမှားတွေ ကျူးလွန်မိပြီး ဘဝမှာ အမည်းစွန်းတွေ ထင်စွဲခဲ့ကြရတာပေါ့။ အချိန်ရဲ့ ရွေ့လျားမှုကို အမှတ်မဲ့နေမိလို့ "နောင်တ" ရတဲ့အချိန်မှာ ဒုက္ခ အဝီစိတွင်းထဲ ရောက်နေကြရတာပေါ့။

ဒီတော့ အချိန်အကြောင်း လေးလေးနည်းနည်းပြောချင်တယ်။

# ဘာလုပ်ခဲ့သလဲ

ဒီစာအုပ်ဖတ်တာနဲ့ အချိန်ကုန်တော့မယ်။ အဲဒီကုန်သွားမယ့်အချိန်ဟာ အကျိုးရှိစွာ ကုန်ဆုံးခြင်းလား၊ အကျိုးမဲ့စွာ ကုန်ဆုံးခြင်းလား ဆိုတာကို ဖတ်ပြီးချိန်မှာ ပြန်စဉ်းစားပါ။

အဲသလိုပဲ ..........

htttp://www.cherrythitsar.org



ဘာပဲလုပ်လုပ် တခြားအလုပ်တွေကိုလည်း လုပ်ပြီးတာနဲ့ ပြန်စဉ်းစားကြည့်။ "ငါ ဒါလုပ်လိုက်လို့ ကုန်ဆုံးသွားရတဲ့ အချိန်တွေဟာ အကျိုးရှိစွာ ကုန်ဆုံးခြင်းလား။ အကျိုးမဲ့စွာ ကုန်ဆုံးခြင်းလား" ဆိုပြီးတော့။ ပွင့်ပွင့်လင်းလင်း ရေးရရင်တော့ ရည်းစားနဲ့ ချိန်းတွေ့ခဲ့ပြီးရင်တောင် ပြန်စဉ်းစားပါ။

"သူ့အသားက အတော်ဖြူတာပဲ၊ လက်ဖဝါးက နုနုလေး၊ သူ့ဆံပင်တွေက တော်တော်သန်တယ်၊ ငါ့ထက် အရပ်မြင့်တယ်"

ဆိုတာမျိုး စဉ်းစားဖို့ပြောတာ မဟုတ်ဘူးနော်။ ငါ အချိန်ကုန်ခံပြီး တွေ့ခဲ့တဲ့လူဟာ ငါ့ဘဝအတွက် ဘယ်လိုအကျိုးပြုနိုင်သလဲ။ သူဟာ ငါ့လုပ်စာထိုင်စားဖို့ ကြိုးစားနေတာလား။ ငါ့ဘဝကို မြှင့်တင်ပေးနိုင်စွမ်းရှိမယ့် လူလား။ သူ့ဟာသူကမှ အစ်မအိမ်တစ်လှည့်၊ ဦးလေးအိမ်တစ်လှည့် ကပ်စားနေရတဲ့ လူလား။ သူနဲ့ငါ ဘဝတစ်လျှောက်လက်တွဲပြီး ဒုက္ခတွေ ပင်လယ်ဝေရမှာလား။ စဉ်းစား။

အဲသလိုစဉ်းစားလိုက်လို့ ကိုယ့်ဘဝရှေ့ရေးအတွက် ကောင်းကျိုးထက် ဆိုးကျိုးဘက် ဦးတည်နေတယ်ဆိုရင်။

ကိုယ် အချိန်ကုန်ခံပြီးလုပ်သမျှ အလုပ်တိုင်းကို လုပ်ပြီးတာနဲ့ စဉ်းစားပါ။ သုံးသပ်ပါ။ အကျိုးမဲ့တဲ့ အလုပ်မျိုးလုပ်မိရင် နောင်မလုပ်မိအောင်ရှောင်။ အကျိုးရှိတဲ့ အလုပ်မျိုးလုပ်မိရင် နောက်ဆက်လုပ်။ လုပ်ခဲ့သမျှ စဉ်းစားတာ၊ ဝေဖန်တာကို အလေ့အကျင့်လုပ်လိုက်ရင် နောက်တော့ တစ်ခုခုလုပ်တော့မယ် ဆိုတာနဲ့ ငါလုပ်မယ့်အလုပ်ဟာ အကျိုးရှိတဲ့အလုပ်လား။ အကျိုး

htttp://www.cherrythitsar.org



မဲ့တဲ့အလုပ်လား ဆိုတာ ကြိုတွေးမိလာလိမ့်မယ်။ အဲသလို တွေးမိလို့ မလုပ်သင့်တဲ့အလုပ်ဆိုရင် ရှောင်။ မလုပ်မိစေနဲ့။ လုပ်သင့်တဲ့ အလုပ်မှလုပ်။

ကိုယ်လုပ်မယ့် အလုပ်မှန်သမျှ သင့်–မသင့် ကြိုတွေးမိတဲ့ အလေ့အကျင့်ဖြစ်ပြီဆိုရင် ငါ့တူမများဘဝ တိုးတက်ပြီပေါ့။

# ကာလရေးယာ

"အချိန်" နဲ့ ပတ်သက်ပြီး ဒုတိယအဆင့် ဆက်စဉ်းစားရအောင်။ အချိန်ကို ငါ့တူမများ ဘယ်လိုခွဲခြား နားလည်ထားသလဲ။ သုံးမျိုးပဲ မဟုတ်လား။

အတိတ် = ဖြစ်ပြီးတာ (ကုန်လွန်သွားတဲ့အချိန်)

ပစ္စုပ္ပန် = ဖြစ်ပျက်နေဆဲ (လက်ရှိအချိန်)

အနာဂတ် = မဖြစ်သေးတာ (နောင်ဖြစ်လာမယ့်အချိန်)

ဒါပဲပေါ့။ ဘယ်သူ့မေးမေး ဒီလိုပဲဖြေမှာပဲ။ လေးလေးလည်း ဒီလိုပဲသိတာပဲ။ သိတာချင်းတူပေမယ့် တစ်မျိုးချင်းကိုတော့ ငါ့တူမများ စဉ်းစားကြည့်ဖူးမယ် မထင်ဘူး။ အဲဒီ ပိုင်းခြားထားတဲ့ အချိန်ကာလသုံးမျိုးကို သေသေချာချာ ခွဲခြားပြီးစဉ်းစားကြည့်ရအောင်။

မင်း ဒီစာကို ခု ဖတ်နေတယ်။

ဖတ်ပြီးသွားတဲ့ စာလုံးတွေ စာကြောင်းတွေဟာ အတိတ်။

မဖတ်ရသေးတဲ့ စာလုံးတွေ စာကြောင်းတွေက အနာဂတ်။

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



ဘယ်မှာလဲ ပစ္စုပ္ပန်။

ထပ် စဉ်းစားစမ်း။

ငါ့တူမ တစ်ယောက်ယောက်နဲ့ စကားပြောကြည့်။ ပြောပြီး သမျှ စကားတွေဟာ အသံထွက်ပြီးတာနဲ့ အတိတ်ဖြစ်သွားပြီ။ မပြောရသေးတဲ့စကားတွေ အသံမထွက်ရသေးတဲ့ စကားတွေက အနာဂတ်မှာ။ သေသေချာချာ တွေးစမ်း။ ဘယ်မှာလဲ ပစ္စုပ္ပန်။

အတိတ်ဆိုတာ လေးလေးတို့မှာ အများကြီးရှိခဲ့ပြီးပြီ။

အနာဂတ်ဆိုတာကလည်း ရှိနေသေးတယ်။ အများကြီးပဲ။

တို့မပိုင်ဆိုင်တာက ပစ္စုပ္ပန်ပဲကွ။

လေးလေးတွေးရသလောက်တော့ ပစ္စုပ္ပန်ဆိုတာ အတိတ်နဲ့ အနာဂတ်ကို ပိုင်းခြားထားတဲ့ ဆံချည်မျှင်ထက် အဆများစွာ သေးငယ်တဲ့၊ အစဉ်ရွေ့လျားနေတဲ့ မျဉ်းကြောင်းလေး တစ်ကြောင်းပဲ။

ပစ္စုပ္ပန်မှာ ကာလ ဧရိယာ မရှိဘူး။

ဒါကြောင့် –

လေးလေးတို့ ဘာပဲလုပ်လုပ်၊ ငါ့တူမများ ဘာပဲလုပ်လုပ် လုပ်သမျှ ပြောသမျှဟာ အတိတ်သမိုင်းမှာ ကျန်ရစ်ခဲ့မှာပါ။ ပြင်ချိန်မရှိဘူး။ ချေဖျက်ချိန်မရှိဘူး။ အမှားတစ်ခုခု ပြောမိ လုပ်မိရင် ပြောဖူးလုပ်ဖူးတယ်ဆိုတာတော့ ဖြစ်သွားမှာပဲ။ ပြန်ပြင်ရင်လည်း ပြောဖူး လုပ်ဖူးတဲ့အမှားကြီးကတော့ ကျေပျက် မသွားပါဘူး။ အမှန်ကို ပြန်ရောက်တာ အမှန်ပြန်ဖြစ်တာပဲ ရှိမယ်။ ဘာနဲ့ အလားသဏ္ဌာန်တူသလဲဆိုတော့ ပြတ်သွားတဲ့

htttp://www.cherrythitsar.org



ကြိုး ပြန်ဆက်ထားသလိုပေါ့။ ပြန်ဆက်နေပေမယ့် ထုံးတဲ့ အရာလေးကတော့ ရှိနေမှာပဲ။ ပစ္စုပ္ပန်ဆိုတာ ကာလ ဇရိယာ မရှိတဲ့အတွက် လုပ်မိတဲ့အမှားကို အတိတ်မှာမကျန်အောင် ချေဖျက်လို့ မရဘူးဆိုတာ သတိထားပါ။

ပြန်ပြင်ချိန်မရှိတဲ့ ပစ္စုပ္ပန်မှာ အမှားအယွင်း တစ်စုံတရာ လုပ်မိတာနဲ့ အတိတ်မှာ အမည်းစွန်းထင်သွားမှာပဲ။ ပစ္စုပ္ပန် အကြောင်း ဒီလိုမစဉ်းစားမိရင် အမှားပေါင်းများစွာနဲ့ အတိတ် ကို ပိုင်ဆိုင်ရမျာပေါ့။

ကိုယ်လုပ်မယ့်အလုပ်မှန်သမျှ မလုပ်ခင်မှာ လုပ်သင့် မသင့် ကြိုပြီးစဉ်းစား။ မလုပ်သင့်တာကို မလုပ်နဲ့။ လုပ်သင့်တာကိုပဲ လုပ်။ အဲဒါဆိုရင် မင်းတို့ရဲ့အချိန်တွေဟာ အလဟဿ မပြုန်း တီးတော့ဘူး။ ကုန်လွန်သမျှအချိန်တိုင်းဟာ လုပ်သင့်လုပ်ထိုက် တာတွေကိုလုပ်ရင်း ကုန်လွန်ရမှာမို့ တန်ဖိုးရှိတဲ့အချိန်တွေ ဖြစ်လာလိမ့်မယ်။

ကဲ ဒီအခန်းကို နိဂုံးချုပ်ရအောင်။


ငါ့တူမများရဲ့ အနာဂတ်ကို အကျိုးရှိတဲ့ အပြုအမူ၊ အပြောအဆိုတွေနဲ့ ကုန်လွန် ရင်ဆိုင်နိုင်ဖို့ ကြိုးစားပါ။ တွေးတောပါ။

လှပတဲ့ အနာဂတ်ကို အိုးမည်းသုတ်ပြီး မင်းတို့ရဲ့ အတိတ် တွေကို အကျည်းတန်အောင် လုပ်မပစ်ကြပါနဲ့။

ပစ္စုပ္ပန်ဆိုတာ အချိန်ကာလ ဇရိယာ လုံးဝမရှိတဲ့ အတိတ်နဲ့ အနာဂတ်ရဲ့ကြား သတ်မှတ်ချက်တစ်ခု။

htttp://www.cherrythitsar.org

## အဆွေတော်ရဲ့ ပုစ္ဆာဂဏန်း



htttp://www.cherrythitsar.org



လုပ်မယ့် အလုပ်ဟူသမျှ လုပ်သင့် မလုပ်သင့် ကြိုတွေးပြီး လုပ်သင့်တာကိုသာ လုပ်လို့ တိုးတက်တဲ့ဘဝ ထူထောင်နိုင်ကြပါစေ။

## အဖြေတစ်ခု ပုစ္ဆာရာထောင်

ပုစ္ဆာသိလို့ အဖြေရှာလိုက်ရတာထက် အဖြေကိုတွေ့နေရလို့ ပုစ္ဆာကို ပြန်ရှာရတာက ပိုပြီးခက်ပါတယ်။ လူ့ဘဝမှာ ဖြစ်ပျက်ကြုံဆုံရတဲ့ ပြဿနာတွေကို 'ဘာကြောင့်' ဖြစ်ပါလိမ့်ဆိုပြီး ဖြစ်နေရတဲ့အကြောင်းရင်းကို ပြန်ရှာပြီးမှ ဖြေရှင်းလို့ရတာတွေ ရှိတယ်။ အဲသလိုကြုံနေရတာဟာ အဖြေတစ်ခုထွက်လာပြီးမှ ပုစ္ဆာကိုပြန်ရှာရတဲ့ သဘောပေါ့။

"ဟော ဒီလိုတော့ဖြစ်နေပြီ၊ ဘယ်လိုလုပ်ဖြစ်သွားပါလိမ့်၊

ထင်တောင်မထင်ဘူး။ အံ့ကိုသြရော" ဆိုတာမျိုးတွေပေါ့။ ငါ့တူမများ ရှင်းရှင်းလင်းလင်း သိရအောင် လေးလေးပြောချင်တာကို တစ်ဆင့်ချင်းရေးပြမယ်။ ကဲ... နှစ်နဲ့ နှစ်ပေါင်းရင် ဘယ်လောက်လဲ လို့ မေးလိုက်ပါပြီတဲ့။ ဒါ ပုစ္ဆာပဲ။ အဖြေက လေး၊ ရှင်းရှင်းလေး။ အလွန်လွယ်တာ။ ကလေးတွေပြောနည်း။ "အီးဇီးဂိုးရင်း" ပဲ။

၂ + ၂ = ၄

အဲ အဖြေက လေး ရနေတယ်။ ဘာလို့ လေးရတာလဲ



htttp://www.cherrythitsar.org



ဆိုပြီး ပုစ္ဆာကိုရှာရပြီဆိုရင်တော့ ခက်သွားပြီ။ ရှုပ်သွားပြီ။ အဖြေ (လေး) ထွက်နိုင်တဲ့ ပုစ္ဆာတွေက ရာနဲ့ ထောင်နဲ့ချီပြီး ရှိနေတာ။ လေးလေး ဆယ်မျိုးလောက်တော့ ရေးပြမယ်။

၄ = ၃ + ၁

၄ = ၅ − ၁

၄ = ၆ − ၂

၄ = ၂၀÷ ၅

၄ = ၄ × ၁

၄ = $\frac{၁၆}{၄}$

၄ = ၁၀၀၀ − ၉၉၆

၄ = (၈၀ ÷ ၈) − ၆

၄ = (၈ × ၈)÷ ၁၆

၄ = ၁၀ + ၅ − ၁၁

လေးလေးတို့ ဆက်တွေးရင် အဖြေ (၄) ရနိုင်တဲ့ပုစ္ဆာတွေ ထောင်ပေါင်းများစွာ တွေ့ရဦးမှာပဲ။

လက်ရှိတွေ့နေရတဲ့ အဖြေအတွက် အနီးစပ်ဆုံး မှန်ကန်နိုင်မယ့် ပုစ္ဆာကို စဉ်းစားဖို့ဆိုတာ အတော်ခက်ပါတယ်။ ထောင့်ပေါင်းစုံကနေ ဖြစ်နိုင်ခြေရှိတာတွေကို လှည့်တွေးပြီး ဖြစ်ရတဲ့ အကြောင်းရင်းမှန်ကို ရှာယူကြရတာပါ။

အပေါင်းပုစ္ဆာတွေကြားမှာ ရှိတဲ့ အဖြေလား။

ကိန်းတန်းရှင်း ပုစ္ဆာတွေကြားမှာ ရှိတဲ့ အဖြေလား။

အပိုင်းဂဏန်းတွေကြားမှာရှိတဲ့ အဖြေလား။

htttp://www.cherrythitsar.org



အဲသလိုပါပဲ။

လူမှုရေး ပြဿနာတစ်ရပ် ကြုံလိုက်ရပြီဆိုတာနဲ့ အဲဒီ ပြဿနာ ဖြစ်ရတဲ့အကြောင်းရင်းကို စဉ်းစဉ်းစားစား ရှာဖွေကြရမယ်။ ပတ်ဝန်းကျင်ကြောင့် ဖြစ်တာလား ....

အခြေအနေအရ ဖြစ်တာလား ...

မမျှော်လင့်ဘဲ ဖြစ်တာလား ...

ဖြစ်ရတဲ့ အကြောင်းရင်းမှန်ကို အနီးစပ်ဆုံး မှန်ကန်အောင် စဉ်းစားပြီးမှ အဲဒီပြဿနာအပေါ် ကောက်ချက်ချလို့ရတယ်။ လေးလေး ဘာလို့ ဒီအကြောင်းကို ရေးပြနေရသလဲဆိုရင် ...

ယောကျ်ားလေး တစ်ယောက်က...

ဒါမှမဟုတ် ယောကျ်ားကြီးတစ်ယောက်က ...

ကိုယ့်ကို ချစ်ရေးဆိုလာရင်ဖြစ်ဖြစ်၊ လူကြီးတွေကတစ်ဆင့် ပြောလာရင်ဖြစ်ဖြစ် ဘာကြောင့် ကိုယ့်ကို ပိုင်ဆိုင်ဖို့ ကြိုးစားတာလဲဆိုတာ စဉ်းစားစေချင်လို့ပဲ။

ကိုယ့်ရဲ့ ပညာကြောင့်လား။

ကိုယ့်ရဲ့ လုပ်ရည်ကိုင်ရည် ငွေရှာနိုင်မှုကြောင့်လား။

ကိုယ့်ရဲ့ ရုပ်ရည်ကြောင့်လား။

ကိုယ့်မိဘရဲ့ ဥစ္စာဓနကိုလား။

ကိုယ့်ဘဝကို သနားလို့လား။

အကြောင်းရင်း တစ်ခုတော့ရှိရမယ်။ ချစ်ပါတယ်ဆိုတဲ့ အဖြေအတွက် ဘာကြောင့်ချစ်ရသလဲ ဆိုတဲ့ ပုစ္ဆာကို အကြောင်းရင်းကို မှန်မှန်ကန်ကန် အနီးစပ်ဆုံးရအောင် ရှာရမယ်။ ဒါမှ

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



ကိုယ့်ဘက်က သင့်တော်တဲ့တုံ့ပြန်မှု ပေးနိုင်မှာပေါ့။

ငါ့တူမများ အရာရာကို စဉ်းစဉ်းစားစား ဆုံးဖြတ်စေချင်တဲ့ အလေ့အကျင့် ရှိစေချင်လို့ ခုလိုရေးပြတာပါ။ လွယ်လွယ်ပေါ့ပေါ့ ဆုံးဖြတ်ရင် အမှန်နဲ့ မနီးစပ်နိုင်ဘူး။

ပြီးတော့ ...

စဉ်းစားတွေးခေါ်တဲ့ အလေ့အကျင့်ရှိသွားရင် "မအ" တော့ ဘူး။ စဉ်းစားတွေးခေါ်တဲ့ အလေ့အကျင့်မရှိဘဲ အသက်တွေ ကြီးသွားမယ်ဆိုရင် ဟိုလူပြောယုံ၊ ဒီလူပြောယုံ အသက်ကြီးထိ ခပ်တုံးတုံးလူကြီး ဖြစ်သွားမှာပေါ့။ မိန်းကလေးတစ်ယောက် အနေနဲ့ အ,ပြီဆိုရင် သူ့အတွက် အန္တရာယ်ပိုများတယ်ကွယ့်။ ကြုံသမျှ ပြဿနာကို အားကိုးရာပြီး ဖြေရှင်းတော့မှာကိုး။ မိန်းကလေးတစ်ယောက်အနေနဲ့ အားကိုးရာရင်း ...

"ကျားကြောက်လို့ ရှင်ကြီးကိုး
ရှင်ကြီး ကျားထက်ဆိုး" ဖြစ်တတ်တယ်။

ဖြစ်နိုင်ခြေရှိတာတွေကို အမျိုးမျိုး တွေးတော စဉ်းစား တတ်တဲ့ အလေ့အကျင့်ရှိထားပြီးဆိုရင် ဘယ်လိုပြဿနာ မျိုးပဲကြုံကြုံ ထောင့်စုံက လေ့လာပြီး အမှန်နဲ့အနီးစပ်ဆုံး အဖြေ ကို ထုတ်နိုင်မယ်။

ကျောင်းတွေမှာ သချ်ာ သင်ပေးနေတာဟာ ဂဏန်းတွက် တတ်ရုံလို့ မထင်လေနဲ့ကွယ့်။ ကျောင်းကထွက်လာပြီး လူ့ဘဝ ကို ရင်ဆိုင်ရတဲ့အခါမှာပါ ကြုံဆုံလာရမယ့် ပြဿနာတိုင်း စဉ်းစား တွေးခေါ်တတ်ဖို့ လေ့ကျင့်ပေးလိုက်တာပဲ။ အဲဒီ



htttp://www.cherrythitsar.org



အလေ့အကျင့်ကို ကိုယ့်ဘဝအတွက် အသုံးချတတ်ဖို့လိုတယ်။ သင်္ချာမှာ သက်သေပြချက် ရှာရသလို လူ့ဘဝ ပြဿနာတွေမှာ ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းခြင်းရာတွေ ရှာရတယ်။

တစ်ခါတလေမှာ ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အား အကြောင်းကိုသာ စဉ်းစားနေကြလို့ ကမ္ဘာမြေကြီးရဲ့ တွန်းကန်အား အကြောင်း မေ့နေတတ်တယ်။ အလွန်မာကျောတဲ့ ကျောက်စရစ်ကုန်းမြေမှာ ပေါက်လာတဲ့ မြက်ပင်လေးကို စိတ်ဝင်စားကြည့်စမ်းပါ။ မာကျောတဲ့ ကျောက်စရစ်မြေကို ထိုးဖောက်ထွက်လာတဲ့ မြက်ပင်လေးဟာ လက်မ လက်ညှိုးနဲ့ ညှပ်ပြီး ပွတ်ခြေလိုက်ရုံနဲ့ အရေဖြစ်သွားလောက်အောင် နုပါတယ်။ အဲဒီလိုနုတဲ့မြက်ပင်ရဲ့ အညွန့်လေးဟာ မာကျောတဲ့ ကျောက်စရစ်မြေသားကို ဘယ်လိုထိုးဖောက် ထွက်လာသလဲ ဆိုတာမျိုးလဲ စဉ်းစားသင့်တာပေါ့။ ဒါ အဖြေအတွက် ပုစ္ဆာရှာကြည့်တဲ့ သဘောပဲ။

ငါတူမများကို နိဂုံးချုပ်ပြောရရင်တော့...

ဒီအခန်းကို ဖတ်ပြီးတာနဲ့ စဉ်းစားတွေးခေါ်ပြီးမှ ဆုံးဖြတ်တတ်တဲ့ အလေ့အကျင့်ရသွားမယ်ဆိုရင် အတတ်နိုင်ဆုံး အမှားနည်းသွားပါလိမ့်မည်။

လူဆိုတာ အမြဲ မမှန်နိုင်ပေမယ့်...

လူဆိုတာ အမြဲမမှားဖို့တော့ လိုတာပေါ့။

●

htttp://www.cherrythitsar.org

# အဏ္ဍိတုဝင်



htttp://www.cherrythitsar.org



# အကာနဲ့ အနှစ်

လေးလေးတို့ဟာ အကာကိုလွှင့်ပစ်ပြီး အနှစ်ကို တန်ဖိုးထားခဲ့ကြတယ်။ သက်တမ်းတစ်လျှောက်လုံး ဆိုပါစို့။ အသုံးတည့်တာကလည်း အနှစ်ကိုး။ လေးလေးတို့က စပါးကို အခွံချွတ်ပြီး ဆန်ကို စားခဲ့ကြတယ်။ ကြက်ဥအခွံကို လွှင့်ပစ်ပြီး အနှစ်ကိုစားခဲ့ကြတယ်။ ငှက်ပျောသီးစားမလား။ လိမ္မော်သီး စားမလား။ ဒီလိုပါပဲ။ အခွံကိုဖယ်ပြီး အသားကိုယူခဲ့ကြတာ။ ဒီတော့ စိတ်ထဲမယ် အကာဆိုတာ ဘာမှ တန်ဖိုးမရှိဘူး။ အနှစ်ကသာ အဓိကကျတယ်လို့ စွဲနေရော။ အဲဒီအစွဲကြီးက အယူအဆတစ်ခုလို ဖြစ်သွားတယ်ဆိုပါတော့။

အယူအဆတစ်ခုမှားလိုက်ရင် အလွန်ကြောက်စရာကောင်းတဲ့ အကျိုးဆက်တွေ ဖြစ်ကုန်တာကွယ့်။ လေးလေးရဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ပြောပြချင်တယ်။ လေးလေးတို့ အသက်နှစ်ဆယ်ဝန်းကျင်က ခေါင်းလောင်းဘောင်းဘီနဲ့ ဆံရှည်ဟာ ခေတ်စားလာခဲ့တဲ့အချိန်ပေါ့။ ချည်ရောင်စုံတွေ၊ ပုတီးစေ့ ရောင်စုံတွေ၊ ဆွဲပြီး လက်ကောက်လည်း ဝတ်လိုက်သေးတယ်။ မိန်းကလေးတွေ မဟုတ်ဘူး။ ယောကျ်ားလေးတွေ။ အဲဒီအချိန်မှာ လေးလေးက ကာတွန်းရေးတဲ့ ဆောင်းပါးရေးတဲ့အလုပ် လုပ်နေပြီ။ ဟံသာဝတီ ကြေးမုံ ဗိုလ်တထောင် စတဲ့ သတင်းစာတွေ၊ အိုးဝေ၊ ရှုထောင့်၊ သတင်းဂျာနယ်၊ မိုးဝေ၊ သဘင် စတဲ့ မဂ္ဂဇင်းတွေ။ အဲဒီတုန်းက ဆံရှည်နဲ့ ခေါင်းလောင်းဘောင်းဘီဆိုတာ

htttp://www.cherrythitsar.org



"လမ်းသရဲ" ရဲ့ သင်္ကေတလိုဖြစ်နေတာ။ လေးလေးတို့ ကာတွန်းရေးရင်လည်း "လမ်းသရဲ" ပုံဆို အဲသလိုပဲရေးကြတာ။

အဲသလိုရေးရင်း ရေးရင်း ဘယ်လိုဖြစ်လာသလဲဆိုတော့ လမ်းသရဲ အမူအကျင့်တွေကို မကြိုက်ပေမယ့် အဲဒီ ဝတ်စားဆင်ယင်မှုကိုတော့ ကြိုက်မိလာတယ်။ ခေတ်ရေစီးကြောင်း တစ်မျိုးတစ်ကွေ့ရဲ့ အပြောင်းအလဲကိုး။ လေးလေးကလည်း လူငယ်ပဲမဟုတ်လား။ "ဆံရှည်" ကို "ဆိုးသွမ်းမှုသင်္ကေတ" လို့ မမြင်တော့ဘူး။ ဖက်ရှင်တစ်ခုလို့ပဲ မြင်လာတယ်။ ဆံပင်ရှည်ရှည်တိုတို လုံးဝမပေါ်ဘဲနေနေ ဆိုးချင်တဲ့လူက ဆိုးမှာပဲပေါ့။ ဆိုးသွမ်းတာနဲ့ ဆံပင်ရှည်တာ မဆိုင်ဘူးပေါ့။ ဆိုးသွမ်းလို့ဆို ကတုံးရိတ်ခံရတဲ့ လူငယ်တွေ ဆက်ဆိုးနေတာပြည့်လို့။ တစ်ရပ်ကွက်လုံး စိတ်ဆင်းရဲအောင် လုပ်နေတဲ့ သမလူကြီးဟာ ဆံရှည် မဟုတ်ဘူး။ အများကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ရင် ဆံရှည်ရှည် တိုတို လက်မခံသင့်ဘူး။ အဲသလိုပဲ အများကို စိတ်ဆင်းရဲအောင်မလုပ်ရင် ဆံရှည်ရှည် တိုတို မဆန့်ကျင်ဘူး။ ဆံပင်ရှည်ခြင်း တိုခြင်းဟာ အကာသာဖြစ်တယ်။ အပေါ်ယံကိစ္စဖြစ်တယ်။ အသိဉာဏ် အမူအကျင့်သာ အနှစ်သာရ ဖြစ်တယ် ဆိုပြီး ထင်လာတယ်။ ထင်လာရာကနေ အယူအဆတစ်ရပ်လို့ ယုံကြည်လာမိတယ်။

အဲဒီလို ယုံကြည်လာရာကနေ ဘယ်လိုထိ ဖြစ်လာသလဲ ဆိုရင် ...

"ကျွန်တော်တို့ဟာ အကာနဲ့အနှစ်ကို ခွဲပြီး မြင်ကြဖို့လိုပါ

htttp://www.cherrythitsar.org



ပြီ။ အကာက အဓိကကျသလား၊ အနှစ်က အဓိကကျသလား။ ဘယ်သူမှ ကြက်ဥကို အနှစ်လွှင့်ပစ်ပြီး အကာကြော်စားနေကြတာ မဟုတ်ပါဘူး။ ဒီလိုပါပဲ။ ဆံပင်ဆိုတာ အကာပါ။ အသိဉာဏ် အတွေးအခေါ်တွေ စုဆောင်း ထိန်းသိမ်းထားတဲ့ ဦးနှောက်ကသာ အနှစ်ဖြစ်ပါတယ်။ ဒါကြောင့် ဆံပင်ရှည်ခြင်း၊ တိုခြင်းဟာ အဓိကမကျပါဘူး။ အသိဉာဏ်ရှိဖို့သာ အဓိကကျပါတယ်။ အကာကိစ္စတွေကို အလုပ်ကြီးတစ်ခုလို လုပ်ပြီး ပြောမနေသင့်ပါဘူး။ တန်ဖိုးရှိတဲ့အချိန်တွေ နှမြောဖို့ ကောင်းပါတယ်။”

ဆိုတဲ့ အပြောမျိုးတွေကိုတောင် စာပေဟောပြောပွဲ စင်မြင့်ကနေ ပြောမိတဲ့အထိ ဖြစ်လာရော။ အဲဒီလိုတွေ ပြောမိလာတော့ ဘယ်သူနဲ့ ကြုံရသလဲဆိုရင် ခု ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း၊ မန်းတက္ကသိုလ်) နဲ့အတူ စာပေဟောပြောပွဲတွေမှာ ကြုံရတယ်။

တစ်ခါ ...

နှစ်ခါ ...

သုံးခါ ... ဆိုသလို ခရီးအတူသွားမိတော့ စာပေဟောပြောပွဲက အပြန်မှာ ဆရာကြီးက–

“ကိုကံချွန်လေးကို ဆရာကြီး တစ်ခုမေးချင်လို့”

“မေးပါဆရာကြီး”

“ကိုကံချွန်လေး ပြောပြောနေတဲ့ အကာနဲ့ အနှစ်ပြဿနာမှာ ကိုကံချွန်လေးက အနှစ်ကသာအဓိက၊ အကာက အဓိကမကျဘူးလို့ ဆိုလိုတာနော်”

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



"ဟုတ်ပါတယ် ဆရာကြီး"

"ကြက်ဥ အကာဟာ အသုံးမကျဘူး၊ လိမ္မော်သီး အခွံ လွှင့်ပစ်ရတာပဲ။ ထမင်းစားလို့ စပါးခွံပါလာတောင် ကောက် ပစ်ရတာပဲ။ ထမင်းဟာ ဆန်ကိုချက်လို့ ရတာပေမယ့်၊ ဆန်ဟာ စပါးအခွံချွတ်ထားတာ ဖြစ်ပေမယ့် ဆန်ကသာ အဓိကကျတာ ပါ။ စပါးခွံက အဓိကမကျပါဘူး။ အရေးမပါ ပါဘူး။ အနှစ် သာရတွေကသာ အသုံးကျတယ်၊ အရေးပါတယ်။ အဓိက ကျတယ်။ အနှစ်သာရကိုပဲ အဓိကကြည့်ရမယ်...။ အဲသလို ပြောသွား တယ်နော်"

"ဟုတ်ပါတယ် ဆရာကြီး"

"ကဲကဲ – ကိုကံချွန်လေးကို မေးတော့မယ်။ အခွံချွတ် ထားတဲ့ဆန်တွေ အပင်ပြန်စိုက်ချင်ရင် ရပါဦးမလား၊ စပါးခွံ တွေက အရေးမပါဘူးဆိုလို့ မေးတာပါ"

ဆရာကြီးက အဲသလို မေးလိုက်တော့ လေးလေး ဘာပြန် ဖြေရမှန်းမသိဘူး ဖြစ်သွားတယ်။ မိုးမိထားတဲ့ လင်းတ ဇက်ပိုး အရိုက်ခံထားရသလို ငေါင်စင်းစင်းနဲ့ပေါ့။

"အကာဟာ အဓိကမကျဘူးဆိုပြီး ငှက်ပျောသီးကို အခွံနွှာ ပြီး ရောင်းကြည့်ပါလား။ ဘယ်နှစ်ရက်ထားလို့ရမလဲ။ စားမယ့် လူကရော အနှစ်ချည်းပဲ ရောင်းတာဆိုပြီး ဝယ်ပါ့မလား"

ဆရာကြီး အဲသလိုမေးလိုက်တော့မှ လေးလေးဟာ ကိုယ့် အမှား ကိုယ်မြင်သွားတယ်ကွယ့်။ အကာနဲ့ အနှစ် ပြဿနာမှာ လေးလေးက အမှန်တရားကို ရှာဖွေတာမဟုတ်ဘဲ ကိုယ်လိုရာ

htttp://www.cherrythitsar.org



ဆွဲတွေးပြီး ကိုယ်ဖြစ်စေချင်တာအတွက် ဟုတ်သယောင်ယောင် ရှိတဲ့ အကိုးအကားတွေကိုသာ ရှာဖွေပြောဆိုနေမိခဲ့ပါလားလို့ အသိဝင်သွားတယ်။

ဆရာကြီးက...

"မှတ်ထားကွယ့်၊ အကာမရှိဘဲ အနှစ်မတည်နိုင်ဘူး"

လို့ ဆက်ပြောတယ်။ လေးလေးရဲ့ အတွေးအခေါ်၊ အယူအဆ အမှားတစ်ခုကို ဆရာကြီးဟာ သိမ်သိမ်မွေ့မွေ့လေး ပြုပြင်ပေးလိုက်တာပဲ။ လေးလေးဟာ အဲဒီကတည်းက "အကာ" ကိစ္စတွေကို အလေးအနက် ထားတတ်လာတယ်။

ငါ့တူမများကို လေးလေး သတိပေးချင်တယ်။ လေးလေးရဲ့ သတိပေးစကားကို လက်ခံဖို့ သင့်မသင့် ဆုံးဖြတ်လို့ရအောင် လေးလေးရဲ့ ကိုယ်တွေ့တစ်ခုကို အရင်ပြောပြလိုက်တာပါ။ ငယ်တဲ့အရွယ်မှာ အဓိက တွေ့ရမှာက ဝတ်စားဆင်ယင်မှု ပြဿနာပဲ။ ကိုယ်ဝတ်ချင် နေချင်တဲ့ပုံစံနဲ့ လူကြီးတွေရဲ့အကြိုက် ဖြစ်စေချင်တာတွေမှာ ကွဲလွဲတတ်တာတွေ ရှိတယ်။

လူတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုဟာ အဲဒီလူရဲ့ အသိဉာဏ်ကို ထိန်းသိမ်းထားတဲ့ အကာပဲ။ ကိုယ်လုပ်ရမယ့်အလုပ် ကိုယ်နေရမယ့် ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျဖြစ်အောင် ဝတ်စား ဆင်ယင်တတ်ဖို့ လိုတယ်။ အချိန်အခါနဲ့ အခြေအနေကို သိရမယ်။ တကယ် အသိဉာဏ်ရှိလာပြီဆိုရင်...

နေရာဒေသ...

အချိန်အခါ...

htttp://www.cherrythitsar.org

# အဝိ



htttp://www.cherrythitsar.org



အခြေအနေနဲ့ . . . နဲ့ လိုက်လျောညီထွေဖြစ်အောင် ဝတ်တတ်ပါတယ်။ အဲသလို မဝတ်တတ်ဘူးဆိုရင် သူ့မှာ အသိဉာဏ်မရှိလို့ပဲ။ ငါ့တူမများ စဉ်းစားကြည့်ပါ။ ဒီခရီး ဒီထီးနဲ့တော်ရဲ့။ ဒီလမ်း ဒီပန်းနဲ့သင့်ရဲ့ ဆိုတဲ့ ရှေးစကားဟာ ဝတ်စားဆင်ယင်မှုရဲ့ နေရာဒေသ အချိန်အခါ အခြေအနေကို ရွေးချယ်ဖို့ သတိပေးထားတဲ့စကားပဲ။

အသိဉာဏ် အတွေးအခေါ် အနှစ်သာရရဲ့ အကာဟာ ဝတ်စားဆင်ယင်မှုပဲ။

●

# အသိ

မရှိတာထက် မသိတာ ခက်သတဲ့။

သိအောင် ဘယ်လိုလုပ်ရမလဲဆိုရင် "စာဖတ်"လို့ပဲ။ လွယ်လွယ်ပြောကြတာပေါ့။ စာထဲမှာက "ဘဝ" အတွက် အသိ ပေးတာထက် "အလှ" အတွက် အသိပေးတာတွေပဲ များနေတယ်။ မျက်ခုံးမွေး ဘယ်လိုဆွဲ၊ နှုတ်ခမ်းနီဘယ့်နှယ်ဆိုး၊ ဒီအပေါ်ဝတ်အင်္ကျီမျိုးက သုံးထောင်၊ ဘယ်ဆိုင်မှာရတယ်။ ဟိုဖိနပ်မျိုးက လေးထောင်၊ အဲဒါလေးလဲ လှတာပဲ ဆိုတဲ့ အသိမျိုးတွေ ပေးတာပဲများပါတယ်။ ဒီတော့ ငါ့တူမများအတွက် "အလှ"နဲ့ ပတ်သက်တဲ့အသိကို လေးလေးရေးမပြတော့ဘူး။ ရေးပြရရင်လည်း ငါ့တူမများက လေးလေးကို "မာမီချွန်" လို့

htttp://www.cherrythitsar.org



ထင်ဦးမယ်။ ငါ့တူမများအတွက် ဘဝနဲ့ပတ်သက်တဲ့ အသိပဲ ရေးပြပါတော့မယ်။

ဘဝနဲ့ ပတ်သက်တဲ့အသိကို ဘဝနဲ့ ရင်းနှီးယူခဲ့တာတွေ ရှိတယ်။ တစ်ခါတလေမှာ သုံးလေးနှစ်နေမှ အသိလေးတစ်ခုပဲ ရတတ်တယ်။ အဲဒီ အသိမျိုးက တစ်သက်တာ တန်ဖိုးမဖြတ်နိုင်တဲ့ အသိမျိုးဖြစ်သွားရော။ လေးလေးမှာ ဘဝနဲ့ရင်းနှီးပြီး သိလိုက်ရတာမျိုး ငါ့တူမများမှာ သိချင်မှ သိမယ်။ ဘာလို့လဲ ဆိုတော့ လေးလေးရဲ့ဘဝနဲ့ ငါ့တူမများရဲ့ဘဝက တူချင်မှ တူမှာကိုး။ တစ်ခါတလေတော့လည်း သူများ တစ်ယောက်ယောက် ဘဝနဲ့ ရင်းနှီးယူလိုက်ရတဲ့အဖြစ်အပျက်ကို ကိုယ်က မရင်းနှီးရဘဲ အချောင်သိလိုက်ရတာမျိုးလည်း ရှိတတ်တယ်။ မြင်တတ်ရင်ပေါ့။ တစ်ခါတလေတော့ အခြား စာရေးဆရာ တစ်ဦးဦး ရေးပြထားတဲ့ သူ့ရဲ့အသိကို ကိုယ်က ဖတ်ကြည့်ပြီး တစ်ထိုင်တည်းနဲ့ အလွတ်ရတတ်တာမျိုးလည်း ရှိတယ်။စာထဲက ပေးတဲ့အသိကိုတော့ ယူတတ်မှ။ စာအုပ်ဖတ်သွားပြီးစာအုပ်ထဲက အသိ စာအုပ်ထဲ ပြန်ထားခဲ့ရင်တော့ မျက်စိညောင်းတာပဲ အဖတ်တင်မယ်။

ငါ့တူမများ မျက်စိညောင်းတာပဲ အဖတ်တင်တယ်ဆိုတဲ့ အဖြစ်မျိုးတော့ မရောက်ပါစေနဲ့။

လေးလေးဘဝနဲ့ ရင်းနှီးပြီး သိခဲ့ရတာတွေထဲက တစ်ခု ပြောပြချင်တယ်။ လေးလေး ကာတွန်းရေးသက် သုံးလေးနှစ်လောက် အရမှာပေါ့။ ခုနစ်ဆယ်ခုနစ် ဝန်းကျင်က ထင်ပါရဲ့။

http://www.cherrythitsar.org



htttp://www.cherrythitsar.org



ဟံသာဝတီသတင်းစာမှာ လေးလေးရဲ့ ကာတွန်းတွေ ဆောင်းပါးတွေ ပါလာတိုင်း စာဖတ်သူတွေက "ကောင်းတယ်ကွာ" လို့ ပြောနေတဲ့အချိန်။ ကောင်းတယ်ကွာ ကောင်းတယ်ကွာ ဆိုတဲ့ အသံတွေက လေးလေးရဲ့နားစည်မှာ "အင်ပါယာ" က "ဒရမ်မာဝေထွန်း လက်စွမ်းပြနေသလို" ထိရိုက်နေတာ။

အဲဒီတုန်းက အောက်ခြေလွတ်တယ် ဆိုတဲ့စကားဟာ တင်စားတာမို့ပေါ့ကွာ။ ကိုယ့်ကိုယ်ကို အထင်ကြီးနေတိုင်း ဘဝင်မြင့်နေတိုင်း မြေကြီးနဲ့ ခြေထောက် တကယ်လွတ်ရမယ်ဆိုရင် လေးလေး မိုးပျံနေမှာ သေချာတယ်။ အဲဒီတုန်းက လူကသာ မိုးမပျံတာ။ စိတ်ကတော့ တိမ်ကပ်နေတာအမှန်။

လေးလေးရဲ့ ဘဝင်လေဟပ်ပြီး တိမ်ကပ်နေတဲ့စိတ်ကို ပြုတ်ကျလာအောင် လုပ်ပေးခဲ့သူက ဆရာကြီး ဦးဆန်းထွန်းပဲ။ တစ်ရက်မှာ လေးလေး သတင်းစာတိုက်ကို ကာတွန်းသွားပို့ရင်း ဆရာကြီးနဲ့ ဆုံမိတယ်။ ဆရာကြီးက သတင်းထောက်စားပွဲမှာ ထိုင်နေတာ။ လေးလေးကိုမြင်တော့ လက်ယပ်ခေါ်ပြီး...

"ကျုပ် ကိုကံချွန်လေးနဲ့ဆုံတာ အဆင်ပြေသွားတယ်"

"ဆရာကြီး ဘာခိုင်းချင်လို့လဲ"

"ခိုင်းစရာမရှိပါဘူး၊ ကိုကံချွန်လေးကို စကားနည်းနည်း ပြောစရာရှိလို့ပါ"

ဒီတော့ ဘေးနားဝင်ရတာပေါ့။ ဆရာကြီးက စကားမပြောခင် သူ့ ခေါင်းသူ လက်နဲ့ ပွတ်လိုက်သေးတယ်။ အဲဒါ ဆရာကြီးရဲ့ အကျင့်ပဲ။ ပြီးတော့မှ ....

htttp://www.cherrythitsar.org



"ထုံးဖိုကို ရောက်ဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သွားရင်းလာရင်းတော့ ဖြတ်သွားဖူးပါတယ်။"

"ဖြတ်သွားတဲ့လမ်းဘေးမှာ ထိုးထိုးထောင်ထောင်နဲ့ ကျောက်တောင်ကြီးတွေကို သတိထားမိရဲ့လား"

"ဟုတ်ကဲ့၊ ထားမိပါတယ်"

"အဲဒီမှာ ဘာတွေလုပ်နေတာ တွေ့သလဲ"

"မိုင်းနဲ့ခွဲပြီး ကျောက်တွေ ထုတ်လုပ်နေတာပဲ ရှိတယ်"

"အင်း… ဟုတ်တယ်"

ဆရာကြီးက ခပ်ပြုံးပြုံးနဲ့ ခေါင်းကိုပွတ်ရင်း လေးလေးကို ကြည့်နေတယ်။ ပြီးတော့မှ–

"အဲဒီ ကျောက်တွေ ဘယ်မှာ သုံးသလဲ၊ ကိုကံချွန်လေး"

"လမ်းခင်းတာပဲ ဆရာကြီး"

"အဲဒါ သင်ခန်းစာပဲဗျ၊ ထောင်ထောင် ထောင်ထောင် လုပ်ရင် ခြေနင်းဖတ်ဖြစ်သွားတတ်တယ်"

ဆရာကြီးရဲ့ စကားလည်းဆုံးရော လေးလေးခန္ဓာကိုယ်ထဲက သွေးလည်ပတ်နှုန်းဟာ ပြောင်းသွားပုံရတယ်။ ဖျမ်းကနဲကြက်သီးတွေ ထသွားမိတယ်။ လေးလေးရဲ့ တိမ်ကပ်နေတဲ့စိတ်ဟာ ပြုတ်ကျတာမှ ရိုးရိုးပြုတ်ကျတာ မဟုတ်ဘူး။ ဆောင့်ဆွဲချတာ ခံလိုက်ရသလိုပါပဲ။

"အနေအထိုင် အပြောအဆို ထောင်ထောင် ထောင်ထောင် လုပ်မိတာ ငါမှားပြီ"

ဆိုတဲ့အသိဟာ ဦးနှောက်ရဲ့ သွေးကြောတွေထဲထိ စိမ့်ဝင်

htttp://www.cherrythitsar.org



သွားတာ။ တစ်ထိုင်တည်းမှာ နောင်တရပြီး ဆရာကြီးကို မျက်နှာငယ်နဲ့ ပြန်ကြည့်မိတယ်။

အဲဒီတော့ ဆရာကြီးက ...

"ကိုကံချွန်လေး မိုးကုတ်ကိုရော ရောက်ဖူးသလား"

"မရောက်ဖူးဘူး ဆရာကြီး"

"ရောက်တဲ့အခါ ကျောက်တွင်းတွေကို လေ့လာကြည့်စမ်းပါ၊ တချို့ကျောက်တွင်းတွေဟာ ပေနှစ်ရာ သုံးရာ နက်တယ်။ အောက်ရောက်မှ ဘေးကို လိုဏ်ခေါင်းဖောက်ဝင်သွားတဲ့ တွင်းတွေလည်းရှိတယ်။ တူးရင်း တွင်းပြိုလို့ အသက်ဆုံးရှုံးရတဲ့ လူတွေတောင်ရှိတယ်။ သူတို့ဆီကတော့ "တွင်းလည်တယ်" ခေါ်တယ်။ ဘာလို့ အသက်နဲ့ရင်းပြီး တူးနေကြတာလဲဆိုရင် ပတ္တမြားလိုချင်လို့၊ ကိုကံချွန်လေး သေသေချာချာ နားထောင်နော်။ ပတ္တမြားဆိုတာ တန်ဖိုးရှိတယ်။ တန်ဖိုးရှိတဲ့ကျောက်ကို တော့ မြေအောက် ဘယ်လောက်ရောက်နေနေ လူတွေက ရှာဖွေ တူးဖော်ယူပြီး ကလပ်ပေါ်တင်ကြတာပါ။ လူဆိုတာ ကိုယ့် ကိုယ်ကို တန်ဖိုးရှိအောင်ပဲ ကြိုးစား။ အလိုလို ကလပ်ပေါ် ရောက်သွားမှာပါ။ ထောင်ထောင် ထောင်ထောင်လုပ်နေဖို့ မလိုပါဘူး" တဲ့။

အဲဒီစကားတွေဟာ လေးလေးအတွက် တစ်သက်တာ အသိတွေပဲ။ လောကကြီးမှာ ဘယ်လိုနေထိုင်သင့်တယ်။ ဘယ်လို မနေသင့်ဘူး ဆိုတဲ့အသိကို သုံးလေးနှစ် ထောင်ထောင်


သီချင့်တာဝတွေကော
သီသင့်သလျှ

htttp://www.cherrythitsar.org



ထောင်ထောင် လုပ်မိပြီးမှ ရလိုက်တာပါ။ လမ်းခင်းမခံရတာ ကံကောင်းလို့။

ကဲ ...

လေးလေးရဲ့ ဘဝပေးအသိကို ငါ့တူမများအတွက် လက်ဆင့်ကမ်းလိုက်ပါပြီ။

အနေအထိုင် တတ်ကြပါစေ။

ကြိုးစား ဖြစ်ကြပါစေ။

တိုးတက်ကြပါစေ။

●

# သိသင့်တာတွေထဲက

# သိသင့်သမျှ

လေးလေး ခုရေးပြခဲ့တာတွေက သိသင့်တာတွေထဲက သိသင့်သမျှတွေပါ။ နောက်ထပ် သိသင့်တာတွေ အများကြီး ကျန်ပါသေးတယ်။ လေးလေး ရေးပြတာတွေထက် မြင့်တာတွေရော၊ နိမ့်တာတွေရော ရှိပါသေးတယ်။ ပရိသတ်အားလုံး အတွက် သင့်လျော်အံဝင်မယ် ထင်တဲ့ အချက်အလက်တွေကိုသာ ရေးပြလိုက်တာပါ။

ခုရေးပြသလောက်ကိုပဲ တကယ်လိုက်နာရင်၊ ကျင့်သုံးမယ်ဆိုရင် ငါ့တူမများဘဝ တိုးတက်မှာ သေချာပါတယ်။ မိန်းကလေး တစ်ယောက်ဘဝ လုံခြုံတိုးတက်ဖို့အတွက် ယောကျ်ားတွေ

htttp://www.cherrythitsar.org



အကြောင်း သိဖို့လိုသလို ယောကျ်ားလေးတွေရဲ့ လေးစားခြင်း ခံရတဲ့ မိန်းကလေးဖြစ်ဖို့လည်း လိုပါတယ်။ ဒါကြောင့် သိသင့် သမျှတွေကို ရေးပြလိုက်ရတာပါ။

မိဘ မောင် အစ်ကို အစ်မ ဦးလေးတွေ စောင့်ရှောက်တာ ထက် ကိုယ့်ကိုယ်ကို စောင့်ရှောက်တာဟာ အလုံခြုံဆုံးပါပဲ။ အဲသလို စောင့်ရှောက်ဖို့အတွက် အသိဉာဏ်ရှိရပါမယ်။ သင့်၏ မသင့်၏၊ မှား၏ မှန်၏ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိရပါမယ်။

ခု လေးလေးရေးပြပြီးသလောက်ကို ဖတ်ပြီးရင် အတိုင်း အတာ တစ်ခုထိတော့ အသိတိုးသွားလိမ့်မယ်လို့ ယုံကြည်ပါ တယ်။

ကဲ နောက်တစ်ခန်း ဆက်ဖတ်လိုက်ကြပါဦး။

●

htttp://www.cherrythitsar.org



# ဒီလိုပါ



htttp://www.cherrythitsar.org



# ဒီလိုပါ

အပျိုစင်တို့အနေနဲ့

အိုမှ သိရမယ့် ယောကျ်ားတွေအကြောင်းကို မအိုခင် ကတည်းက ကြိုသိထားရရင် မကောင်းဘူးလား။ ရှောင်သင့်တာ ရှောင်လို့ရမယ်။ တိမ်းသင့်တာ တိမ်းလို့ရမယ်။ သာယာတဲ့ အိမ်ထောင်စုတစ်ခု တည်ဆောက်ဖို့အတွက် အချက်အလက် တိုးတာပေါ့။

အိုပြီးသား အမျိုးသမီးတွေအတွက်တော့ အချိန်မီတားသင့် တာရှိ တားလို့ရတာပေါ့။ ဆင်ခြင်သင့်တာရှိ ဆင်ခြင်လို့ရ တာပေါ့။



htttp://www.cherrythitsar.org



အသက်တစ်ရာ မနေရ။

အမှုတစ်ရာ တွေ့ရ။ ဆိုတဲ့စကားမှာ ယောကျ်ားနဲ့ မိန်းမကြောင့်ဖြစ်ရတဲ့ အမှုက ကိုးဆယ်လောက်တော့ ရှိမယ် ထင်တယ်။ အမေနဲ့သမီးပဲ ရန်ဖြစ်ဖြစ်၊ ညီအစ်မချင်းပဲရန်ဖြစ်ဖြစ်၊ ယောက်မနဲ့ပဲ ရန်ဖြစ်ဖြစ် ဖြစ်ရတဲ့အကြောင်းရင်းမှာ ယောကျ်ား ကိစ္စကတော့ အနည်းနဲ့အများ ပါမှာပဲ။ မှားတာ မှန်တာ အပထား။ ယောကျ်ားကို အခြေခံတဲ့ပြဿနာတွေများပါတယ်။ ဒီလိုပဲ၊ ယောကျ်ားချင်း ရန်ဖြစ်ပြီဆိုရင်လည်း "မ" ကိစ္စတော့ ပါတာပဲ။

ယောကျ်ား ...

မိန်းမ ... ဆိုတာ ဆက်နွှယ်ပတ်သက်မှုမရှိတဲ့ အမှုက တော်တော် နည်းပါတယ်။ လေးလေး ခါးပိုက်နှိုက်တစ်ယောက်ကို မေးကြည့်တယ်။ ဘာလို့ အမှုကျူးလွန်ရတာလဲလို့။ သူဖြေတာက ရှင်းရှင်း လေး။

"မိန်းမကို ကောင်းကောင်းထားချင်လို့၊ ဘာပညာမှ မတတ် တော့ ကောင်းကောင်းမွန်မွန်လုပ်ပြီး ဝင်ငွေရအောင် မရှာတတ် လို့" တဲ့။

အပေါ်ယံကြည့်ရင်တော့ ခါးပိုက်နှိုက်တာမှာ ယောကျ်ား မိန်းမဆိုတာ ပတ်သက်စရာ မရှိသလိုပဲ။

ဒီတော့ ...

ယောကျ်ားနဲ့မိန်းမဆိုတာ မပတ်သက်ချင်လို့မရဘူး။ ပတ် သက်ရပြီဟော့ဆိုရင်လည်း ငါ့တူမများ စိတ်အနှောင့်အယှက်

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



မဖြစ်ရတဲ့နည်းနဲ့ ကြည်ကြည်နူးနူး ပျော်ပျော်ရွှင်ရွှင် ပတ်သက်ရလေအောင်။

အိုပြီး တွေ့ရနိုင်တဲ့ "အမှု" တွေအကြောင်း
ကြိုပြီး သိထားရလေအောင် ...

●

# မမိုက်ပေမယ့် မှားတတ်တယ်

ယောကျ်ားတိုင်း စိတ်မချရဘူးလားဆိုရင် မဟုတ်ပါဘူးလို့ ဖြေရမှာပဲ။ အဲသလိုပဲ ယောကျ်ားတိုင်း စိတ်ချရသလားဆိုရင်လည်း မဟုတ်ပါဘူးဘဲ ဖြေရမှာပဲ။ ဘာလို့လဲဆိုတော့ စိတ်ချရတဲ့ယောကျ်ားတွေရှိသလို စိတ်မချရတဲ့ယောကျ်ားတွေလည်း ရှိနေလို့ပါ။

အန္တရာယ်ဖြစ်နိုင်တဲ့ အကြောင်းက စိုးရိမ်ဖို့မလိုလို့ ရေးမပြတာပါ။ အန္တရာယ်ဖြစ်နိုင်တဲ့အကြောင်းသာ ကြိုတင်ကာကွယ်နိုင်ဖို့ ရေးပြရတာပါ။ လေးလေးရေးပြသမျှ ယောကျ်ားတွေ မကောင်းကြောင်းချည်းပဲလို့ ထင်မှာစိုးလို့ပါ။

လေးလေးဆီလာတဲ့ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးရဲ့ စာဟာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ငါ့တူမများ ကြိုသိထားသင့်တဲ့ ပြဿနာမျိုးပဲ။

* * *


ဒို့ချင်းသား
ဒို့ချင်းထိ - ဗိုက်ချင်းသား
ဗိုက်ချင်းညှိ - ပခုံးချင်းသားတော့
ပခုံးချင်းကပ် —.

htttp://www.cherrythitsar.org



**ဆရာ ...**

ကျွန်မရဲ့ စာကို ဘယ်သူမှမပြပါနဲ့။ တကယ်လို့များ စာအုပ်ထဲမှာ ပြန်ရေးမယ်ဆိုရင် နာမည်တွေ နေရပ်လိပ်စာတွေ လွှဲရေးပေးပါ။

ကျွန်မယောက်ျားဟာ အလွန်ရိုးပါ အေးပါတယ်။ ဒါကြောင့် ကျွန်မ ယုံယုံကြည်ကြည်ရှိခဲ့တာပါ။ စီးပွားရေးမှာပါ ကျွန်မပဲ ဦးဆောင်ရတာပါ။ ကျွန်မတို့က လူကြီးချင်းပေးစားလို့ ညားခဲ့တာပါ။ အိမ်ထောင်သက် ဆယ်နှစ်ကျော်ပါပြီ။ ပြီးခဲ့တဲ့ လထဲကတော့ အသက် ဆယ့်ရှစ်နှစ်သာရှိသေးတဲ့ ကျွန်မရဲ့ ညီမအငယ်ဆုံးလေးကို ခိုးပြေးပါတယ်။

သူတို့ ဘယ်မှာနေတယ်ဆိုတာ သိပါတယ်။ ကျွန်မမှာ ပြန်ခေါ်ရအခက်။ ဒီအတိုင်းနေရအခက်။ အပေါင်းအသင်းတွေကြားမှာလည်း မျက်နှာမပြရဲ ဖြစ်နေပါတယ်။ သူက စီးပွားရေးမှ ဟုတ်တိပတ်တိ မလုပ်တတ်တော့ ခု နှစ်ယောက်လုံး ဒုက္ခရောက်နေတယ်လို့ သိရတယ်။

ကျွန်မအမေက မျက်စိမမြင်ပါ။ သူ့သမီးလေးကို ခွင့်လွှတ်ပါ။ ပစ်မထားပါနဲ့လို့ ပြောနေပါတယ်။

* * *

စာက အဲဒါပဲ။ အဓိကကျတာကပေါ့လေ။

လေးလေး သူ့စာကိုဖတ်ပြီး အတော် စိတ်မကောင်းဖြစ်မိပါတယ်။ တကယ်ကို ဦးနှောက်ခြောက်ပြီး ဘာလုပ်ရမှန်းမသိ

htttp://www.cherrythitsar.org



htttp://www.cherrythitsar.org



ဖြစ်နေမှန်း စာဖတ်ကြည့်ရုံနဲ့ သိနေလို့ပဲ။ သူ့စာမှာ 'ဒေါသ' သံ မပါဘူး။ ခွင့်လွှတ်ထားတယ်။ လက်တွေ့ ခွင့်လွှတ်ဖို့ ကျတော့ ခက်နေပြန်ရော။

ထားပါတော့ သူ့ပြဿနာ။


ငါ့တူမများရော အခြားအိမ်ထောင်ရှင်များပါ အဲသလို ပြဿနာမျိုး မကြုံရအောင် လေးလေး နည်းနည်းသတိပေးချင် လာတယ်။ ကိုယ်မှာ ညီမရှိပြီဆိုရင် ဘယ်လောက်ပဲရိုးရိုး အနေ နီးလို့ အခွင့်သာရင် ဖောက်ပြန်မိတတ်တယ်။ မမိုက်ပေမယ့် မှားမိတတ်တယ်။ မထင်မှတ်တဲ့အချိန်မှာ မမျှော်လင့်တာတွေ ဖြစ်သွားတတ်တယ်။

ဒါကြောင့် ငါ့တူမများရော အိမ်ထောင်ရှင် အမျိုးသမီးများ ကိုပါ လေးလေး သတိပေးချင်ပါတယ်။ ကိုယ့်မှာ ညီမတွေရှိရင် ကိုယ့်ချစ်သူနဲ့ ကိုယ့်ယောကျ်ားနဲ့ ရင်းနှီးနေသော်ငြားလည်း ရောရောနှောနှော နေခွင့်မပေးပါနဲ့။ အပြန်အလှန်လေးစားမှုနဲ့ နေရမယ့်အနေအထားမျိုးသာ ခွင့်ပြုထားသင့်ပါတယ်။

ယောကျ်ားဆိုတာ မမိုက်ပေမယ့် မှားတတ်တယ်။

●

# နှင့်ကောက်ကျွေး
# ဦးကောက်စား



htttp://www.cherrythitsar.org



# နှစ်ကောင်ကျွေး

# သုံးကောင်စား

နှစ်ကောင်ကျွေး သုံးကောင်စားဆိုတဲ့ စကားကို နည်းနည်းတော့ ရှင်းပြချင်တယ်။ ဒါ ဆယ့်နှစ်ကောင်ကျား ကစားတဲ့ဆီမှာ သုံးတဲ့စကားကွယ့်။ နှစ်ယောက်ပြိုင်တဲ့ဆီမှာ ကိုယ်နဲ့ ယှဉ်ဖက်က သူ့ကျားကောင်ကို ထိုးကျွေး။ တစ်ကောင်ကျွေးလိုက်။ နောက်တစ်ကောင် ကျွေးလိုက်နဲ့ သူလိုချင်တဲ့ အကွက်ထဲလည်းဝင်ရော ကိုယ့်ကျားသုံးကောင် ဒိုင်း...ဒိုင်း...ဒိုင်း... ဆိုပြန်စားတဲ့ပြီး တစ်ခါတည်း ကင်းဝင်သွားရော။ ကင်းဝင်တယ်ဆိုတာ ကိုယ့်ဘက်က နောက်ဆုံးအကွက်ထိ သူ့ကျားရောက်လာတာ။ အဲဒီတော့ အဲဒီကျားကို ကျားကြီးသတ်မှတ်ပေးရရော။ အဲသလိုသတ်မှတ်လိုက်တော့ အဲဒီကျားကြီးက ကစားကွက်ပေါ်မှာ ကွက်ပြည့် ရှေ့နောက် ကြိုက်သလို ရွှေ့ခွင့်ရှိသွားရော။

ဒီတော့ ကျားသမားများက ပြောတယ်။ နှစ်ကောင် ဆင့်ကျွေးပြီ ဆိုကတည်းက သုံးကောင်ပြန်စားပြီး ကင်းဝင်တော့မယ်ဆိုတာ သိပေရော့တဲ့။

ဘယ့်နှယ် ယောက်ျားတွေအကြောင်းပြောပါဆိုမှ ကစားတဲ့ကျားအကြောင်း ပြောနေပါလိမ့်လို့ မထင်နဲ့ကွယ်။ ယောက်ျားတွေဆီမှာ အဲဒီလို ကစားတဲ့ဉာဏ်မျိုးရှိနေလို့ ကစားတဲ့အကြောင်း ပထမပြောရတာ။



htttp://www.cherrythitsar.org



သမီးရည်းစားဘဝမှာပဲဖြစ်ဖြစ်

အိမ်ထောင်သည် ဘဝရောက်မှပဲဖြစ်ဖြစ်

ကိုယ့်ချစ်သူက – ကိုယ့်ခင်ပွန်းက လိုအပ်တာထက် ပိုပြီး ထူးထူးခြားခြား သဘောတွေကောင်းလာပြီဆိုရင် အခွင့်အရေးတွေ ပေးလာပြီဆိုရင် သူဟာ မရိုးသားတော့ဘူး။ ငါ့တူမတို့ ခွင့်မလွှတ်နိုင်တာ။ မကြိုက်တာ တစ်ခုခုတော့ ကျူးလွန်ထားလို့ပဲ။

နှစ်ကောင် ဆင့်ကျွေးပြီဆိုမှတော့

သုံးကောင်ပြန်စားပြီး ကင်းဝင်ဖို့ အစီအစဉ်ရှိလို့ပဲ။ လေးလေးဆီလာတဲ့ စာတစ်စောင် ဖော်ပြချင်တယ်။

* * *

## ဆရာဦးကံချွန်ရှင့်

ကျွန်မဟာ ဆရာရဲ့ အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း စာအုပ်ကို ဖတ်ရပါတယ်။ ကျွန်မယောကျ်ားလို ယောကျ်ားမျိုး အကြောင်း မပါသေးလို့ ဒီစာကိုရေးလိုက်ရတာပါ။

ကျွန်မရဲ့ ယောကျ်ားက ကျွန်မကို ဘုရားဖူးလိုက်ခွင့် ပြုပါတယ်။ တန်ခိုးကြီးဘုရားတွေ လှည့်ဖူးမယ့်ကားနဲ့ပါ။ သူနဲ့ရတာ ငါးနှစ်ရှိပါပြီ။ ဟိုးအရင်နှစ်က ဘုရားဖူးလိုက်ချင်လို့ ပြောဖူးတယ်။ ခွင့်မပြုဘူး။ ဒီနှစ်မှ ခွင့်ပြုတာပါ။ သူက အိမ်စောင့်ဆိုပြီး နေရစ်ခဲ့ပါတယ်။ ဆယ်ရက်ကြာပါတယ်။



htttp://www.cherrythitsar.org



ပြန်လာတော့ ကျွန်မက အမှတ်တရရိုက်လာတဲ့ ဓာတ်ပုံတွေ ထုတ်ပြပါတယ်။ ဘုရားဖူးတစ်ဖွဲ့လုံး ကားရှေ့မှာ စုရပ်ပြီး အမှတ်တရ ရိုက်တဲ့ဓာတ်ပုံထဲမှာ ကျွန်မတို့အရပ်ထဲက ကောင်လေး တစ်ယောက်က ကျွန်မဘေးမှာ ရပ်လျက်သားဖြစ်နေပါတယ်။ ဘာရယ်လို့ မဟုတ်ပါဘူး။ ကြုံသလိုနေရာယူကြတာကိုး။

ကျွန်မ ယောကျ်ားက အဲဒါကို အကြောင်းပြပြီး မပြီးနိုင် မစီးနိုင် ဆူပါတယ်။ အပြစ်ကြီးတစ်ခုလို မကြာခဏပြောပါ တယ်။ ဘာမှမဟုတ်ပါဘူးဆိုတာ ဘယ်လိုမှ ရှင်းပြလို့ လက်မခံ ပါဘူး။ အဲဒီဓာတ်ပုံကိုလည်း ဆွဲဆုတ်ပြီးပါပြီ။ ကျွန်မက အဲဒီ ကောင်လေးကိုခေါ်ပြီး မျက်နှာချင်းဆိုင် ရှင်းပြမယ်ဆိုတော့လဲ။

"ဟိုက မင်းကို ခဏသာသာယာမှုရှာတာပဲကွ။ မင်း အအို ဆိုတာ သိနေတဲ့ဟာ။ အလကား ဟုတ်တယ်ပြောပါ့မလား။ ငါ မင်းကိုဆူနေတာက မင်းဖောက်ပြန်တတ်တဲ့ အကျင့်ကို ဆူနေတာ"။

ဆိုပြီး မတရား တစ်ဖက်သတ်ပြောပါတယ်။ ပြီးတော့ အိမ်ကပါ ထွက်ထွက်သွားတတ်ပါတယ်။ မူးလာလိုက်။ ဆူလိုက် အိမ်က ထွက်သွားလိုက်။ ပြန်လာပြီး သုံသုံမှုန်မှုန်နဲ့နေလိုက်။ နှစ်ရက်သုံးရက်နေပြီး တစ်ခါ။ နှစ်ရက် သုံးရက် ထွက်သွား လိုက်နဲ့။

တစ်လလောက်နေမှ သူဟာ မိန်းမငယ်တစ်ယောက် ထပ်ယူ ထားမှန်း သိရပါတယ်။ ခုတော့ အိမ်ကို ပြန်မလာတော့ပါဘူး။

htttp://www.cherrythitsar.org



အရပ်ထဲမှာတော့ ကျွန်မကို ဖောက်ပြန်လို့ ထားပစ်ခဲ့တာဆိုပြီး သတင်းလွှင့်ပါတယ်။ နောက်မှ ထပ်သိရတာက ခုယူထားတဲ့ ကောင်မလေးနဲ့ ဖြစ်နေတာကြာပြီ။ ကျွန်မကို ဘုရားဖူး မလွှတ်ခင်ကတည်းကလို့ သိရပါတယ်။

အဲဒီယောကျ်ားမျိုးအကြောင်းလည်း ရေးပါဦးရှင့်။

* * *

အဲဒီလို စာရေးလိုက်တဲ့ စာကိုဖတ်မိလို့ ဒီအကြောင်း ရေးပြရတာပါ။


ဒါဟာ ကစားသမားရဲ့ ဉာဏ်မျိုးနဲ့ လူမှုရေးကလိန်ကျတာပေါ့။ ကိုယ့်အမှားကို သူ့အမှားဖြစ်အောင် ပါးနပ်စွာလုပ်တာပေါ့။ အဲဒီလို ယောကျ်ားမျိုးတွေဟာ လောင်းကစားကို ဝါသနာပါတတ်တာ များတယ်။ ငါ့တူမများ သတိထားပါ။

မိန်းမတွေ အသုံးအစွဲကြီးရင် ယောကျ်ားရှာရသမျှ အဖတ်မတင်ဘူး။ အိတ်ပေါက်နဲ့ ဖားကောက်ရသလိုပဲ ဆိုပြီး ပြောကြတယ်။ လောင်းကစားသမား လင်တော်မိရင်တော့ အိတ်ပေါက်ပါ ပေါင်ကစားပစ်တတ်တယ်။

ယောကျ်ားတစ်ယောက်ဟာ ကိုယ့်မိန်းမကို အလွန်အကျွံဂရုစိုက်ပြပြီဆိုရင် သူ့မှာ အပြစ်တစ်ခုခု ရှိနေပြီဆိုတာ ကြိုသိပါ။ လေ့လာပါ။ ငါ့ယောကျ်ား သဘောကောင်းလာပြီ၊ လိမ္မာလာပြီလို့တော့ မထင်လေနဲ့။

htttp://www.cherrythitsar.org

ကလေးငယ်ရှုဖို့ဘဝကြား



htttp://www.cherrythitsar.org



နှစ်ကောင်ကျွေးပြီး
သုံးကောင်စားသွားလိမ့်မယ်။

●

## တစ်ပင်ထူဖို့ အခက်သား

မြန်မာစကားရှိပါတယ်။ တစ်ပင်လဲမှ တစ်ပင်ထူတဲ့။ မိန်းကလေးတစ်ယောက် အရွယ်ကောင်းတုန်းမှာ လင်သားဆုံးပါး သွားရင် နောက်အိမ်ထောင်ပြုဖို့ တိုက်တွန်းထားတဲ့ စကားပဲ။

အဲဒီတိုက်တွန်းစကားဟာ ကိုယ့်အားကိုယ်ကိုး ကိုယ့်ခြေ ထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ အစွမ်းအစရှိတဲ့ မိန်းမအတွက် တော့ မဟုတ်ပါဘူး။ ကိုယ့်မှာ ရှာနိုင် ဖွေနိုင်တဲ့ အစွမ်းအစ လည်း ရှိမယ်။ ကလေးလည်းရှိမယ်ဆိုင်ရင်တော့ ကိုယ့်သားသမီး ကို မြေတောင်မြှောက်ပေးရင် ကလေးတွေ လူလားမြောက်သည် ထိ အိမ်ထောင်မပြုတော့ဘဲ နေသွားတဲ့ မိခင်တွေ အများကြီး ရှိပါတယ်။ အဲ ... သားသမီးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ့်မှာ အစွမ်းအစမရှိလို့ကတော့ အရွယ်ငယ်တုန်းမှာ မုဆိုးမ ဖြစ်ပြီဆိုရင် နောက်အိမ်ထောင်ပြုတာ အကောင်းဆုံးပဲ။ အန္တရာယ် ကင်းတာပေါ့။

လေးလေးတို့ မြန်မာလူမျိုးများ တစ်ပင်မလဲဘဲ နောက်တစ်ပင် ထူဖို့ လူမှုရေးက ခွင့်မပြုဘူး။ မိန်းမတစ်ယောက်ဟာ ယောကျ်ား နှစ်ယောက် ယူလိုမရဘူး။ ပထမအိမ်ထောင်ဟာ ကိုယ့်အပေါ်

htttp://www.cherrythitsar.org



လုံးဝ ဆိုးသွမ်းနေရင်။ လင့်ဝတ္တရားမကျေရင် ပြတ်ပြတ်သားသား ဖြစ်အောင် ပထမ ကွာရှင်းပြီး နောက်အိမ်ထောင်ပြုဖို့ စိတ်ကူး။ အဲသလိုပဲ ရမယ်။ လေးလေး ဘာလို့ ဒါတွေရေးနေရသလဲ ဆိုတော့ လေးလေးဆီကို နိုင်ငံခြားက စာတစ်စောင် ရောက်လာ တယ်။ အဲဒီစာက

* * *

**ဆရာကံချွန်**

ကျွန်မ စာရေးလိုက်ပါတယ်။ နားလည်ရခက်တဲ့ယောကျ်ား အကြောင်း ပွင့်ပွင့်လင်းလင်းပဲ အကြံဉာဏ်တောင်းပါရစေ။ ကျွန်မအမျိုးသားက ကွမ်း–ဆေး–အရက်–ဖဲ လောင်းကစား အသောက်အစားမရှိပါ။ ဒါပေမယ့် မိန်းမကိစ္စနဲ့ ပတ်သက်လာ ရင် သိပ်ရှုပ်ပါတယ်။ သူရှုပ်တာ ကျွန်မသိပါတယ်။ ခွင့်လွှတ် ပြီး ပေါင်းသင်းလာတာပါ။ အိမ်ထောင်သက် ဆယ်နှစ်ကျော် ပါပြီ။

လက်ရှိအခြေအနေမှာ သူဟာ ကျွန်မဝင်ငွေနဲ့ ထိုင်စားနေ ရတာပါ။ သူ ငွေအရမ်းဖြုန်းပါတယ်။ ဒါပေမယ့် ကျွန်မ သည်းခံပါတယ်။ သူ့ရှာကျွေးတုန်းကတော့ ကျွန်မကို တိုင်းထွာ ပြီး ပေးခဲ့တာပါ။ သူက မနက်လင်းတာနဲ့ ကျွန်မအတွက် စားဖို့ သောက်ဖို့တော့ ပြင်ဆင်ပေးပါရဲ့။ ကျွန်မ ဘယ်သွားမလဲ၊ ဘယ်အချိန်ပြန်လာမလဲ ဆိုတာမျိုး လုံးဝမမေးပါဘူး။ ယုံကြည် စိတ်ချတာ၊ လွတ်လပ်ခွင့်ပေးတာနဲ့ မတူဘဲ ဥပေက္ခာပြုထား


မောင့်မှာ
ကွယ်

htttp://www.cherrythitsar.org



သလိုလို၊ ဂရုမစိုက်တာလိုလို။ ယနေ့အထိ ဘယ်သွားသလဲ တစ်ခွန်းမမေးပါ။ သူနဲ့ကျွန်မနဲ့ ရတုန်းကလည်း ကြိုက်ရင် လာတောင်းဆိုပြောလိုက်တော့ သူ့မိဘနဲ့လာတောင်းလို့ ညားခဲ့ကြတာပါ။ သူ့ကိုတော့ ကျွန်မ ယနေ့အထိ ချစ်မရပါ။ ဒါပေမယ့် သစ္စာရှိခဲ့ပါတယ်။ ခက်တာက သံယောဇဉ် မတွယ်ဘူးဖြစ်နေတယ်။ ရှေ့ဆက်ပြီး အတူနေလို့ဖြစ်ပါဦးမလား။ ကျွန်မ ဘယ်လို ဆုံးဖြတ်ရမလဲ။ အကြံဉာဏ်ပေးပါဦး။

နောက်တစ်ချက်က ...

ဒီလူ့မှာ အိမ်ထောင်ရှိတယ်။ သူ ကျွန်မကို ချစ်ရေးဆိုတယ်။ ၅– နှစ်လောက်ရှိပြီ။ သူ့မှာလည်း အိမ်ထောင်ရှိပါတယ်။ ဒါဟာ သူ့အိမ်ထောင်အပေါ် သစ္စာဖောက်တာပဲ။ ပြီးတော့ သူများ မယားကို ပြစ်မှားတာပဲဆိုပြီး အဆက်အသွယ်မလုပ်တော့ပါ။ ယခုတစ်ခါ ပြန်တွေ့တော့ ထပ်ပြီး ချစ်ရေးဆိုပါတယ်။ ကျွန်မ သူနဲ့တစ်နေ့ ချိန်းတွေ့ပါတယ်။ အခန်းထဲမှာ နှစ်ယောက်တည်းပါ။ ကျွန်မ လွတ်လပ်သူမဟုတ်ဘူး။ မဖောက်ပြန်ချင်ဘူးလို့ ပြောလိုက်တယ်။ သူ ကျွန်မကို နမ်းတောင် မနမ်းပါဘူး။ သူက တကယ်ချစ်တာပါလို့ ပြောတယ်။ ကျွန်မနဲ့ရရင် အေးအေး ဆေးဆေး ပုံမှန်စီးပွားရေးမျိုးလေးပဲလုပ်ပြီး နေချင်တယ်လို့ ပြောပါတယ်။

ကျွန်မ စဉ်းစားရခက်နေပါတယ်။ အဲဒီလူဟာ ကျွန်မအတွက် တကယ်အားကိုးထိုက်တဲ့သူများ ဖြစ်နေမလားလို့။ ခက်တာက သူလည်း လွတ်လပ်သူ မဟုတ်ဘူး။



htttp://www.cherrythitsar.org



ဆရာကံချွန် ကျွန်မကို အကြံဉာဏ်ပေးပါဦး။

* * *

စာက အဲဒါပါပဲ။

ဒီပြဿနာမျိုးကိုလည်း ငါ့တူမများ သိထားသင့်တယ်ထင်လို့ ရေးပြလိုက်ရတာပါ။ နှစ်နှစ်ကာကာ မချစ်ဘဲ မဆိုးပါဘူး ငြင်းရလောက်အောင် အပြစ်မရှိပါဘူးဆိုပြီး ခပ်ပေါ့ပေါ့ ထူထောင် လိုက်ရော။ အဲသလို အိမ်ထောင်တစ်ခု ထူထောင်ပြီးတော့လည်း အရင်က မချစ်ပေမယ့် ကိုယ့်လင်ယောကျ်ား ဖြစ်လာပြီဆိုပြီး ချစ်နိုင်အောင် မကြိုးစားတော့။ ကြိုးစားမရတော့ အချစ်မပါတဲ့ အိမ်ထောင်ရေး ဖြစ်ရော။ အချစ်မပါတော့ သံယောဇဉ်ဆိုတာ လည်း မပါတော့ဘူး။ စိတ်ပျက် ငြီးငွေ့စရာ အိမ်ထောင်ရေးကြီး ဖြစ်လို့လာတာပေါ့။

အဲဒီ ပထမခံစားမှု အကျိုးဆက်ကြောင့် ဒုတိယအကြောင်း က ဖြစ်လာရတာပဲ။ စိတ်ရဲ့ သာယာမှုအတွက် ထွက်ပေါက် ရှာတာပဲ။ ဒီပြဿနာနှစ်ခုမှာ ပထမတစ်ခုကို ပြီးပြတ်အောင်ရှင်း။ ဒုတိယခြေလှမ်းကို စဉ်းစားပြီးမှလှမ်း။ ပထမကိစ္စပြီးပြတ်မှ လှမ်းသင့် မလှမ်းသင့်ဆုံးဖြတ်။ မဆုံးဖြတ်ခင်မှာ အလေးအနက် စဉ်းစားရမှာက သူ့ဘက်မှာဖြစ်ဖြစ် ကိုယ့်ဘက်မှာဖြစ်ဖြစ် ကလေးတွေရှိနေတယ်ဆိုရင် ...

အဲဒီကလေးတွေရဲ့ဘဝကို မိထွေးနဲ့ ဒါမှမဟုတ် ပထွေးနဲ့

htttp://www.cherrythitsar.org



ကြီးပြင်းစေမလား။ သူတို့အတွက် ဘယ်လောက် သဘောထား ကြီးပြီး ဘယ်လောက် ခွင့်လွှတ်နိုင်မလဲ။ နှစ်ဖက်စလုံးက အပြန်အလှန် သားရင်း သမီးရင်းတွေလို သဘောထားနိုင်မလား။ ကိုယ်က သဘောထားနိုင်တော့ရော ကလေးတွေက မိရင်းဖရင်း လို သဘောထားနိုင်ပါ့မလား။

အများကြီး စဉ်းစားရမယ်။

အကောင်းဆုံးကတော့ ပထမအိမ်ထောင်နဲ့ ကွာရှင်းပြတ်စဲ ပြီးရင်ကိုပဲ နောက်အိမ်ထောင်ပြုမယ်ဆိုရင် လုံးဝ လွတ်လွတ် လပ်လပ် လူမျိုးပဲဖြစ်သင့်တယ်။

လေးလေး အဲဒီစာကိုဖတ်ပြီး ငါ့တူမများကို ထပ်ပြီးသတိ ပေးချင်တာလေး ရှိလာတယ်။ အဲဒါကတော့ အိမ်ထောင်တစ်ခု မှာ လင်ကဖြစ်စေ။ မယားကဖြစ်စေ စည်းမစောင့်ရင်။ ဖောက် ပြန်ရင်။ သစ္စာမရှိရင် တူသောအကျိုးပေးတယ်ဆိုတာပဲ။ ယောကျ်ား ဖြစ်သူက ပွေတော့ ရှုပ်တော့ ကိုယ့်မိန်းမကို ရည်းစားစကား လာပြောတဲ့လူ ပေါ်လာတာပေါ့။

ငါ့တူမများ အိမ်ထောင်ကျတဲ့အခါ ကြိုပြောထားပေရော့။

"ရှင်နော်... ရှင်... ဟိုလိုလို ဒီလိုလိုတော့ မရှုပ်ချင်ပါနဲ့။ ကိုယ်ချင်းစာပါ၊ တွေးကြည့်ပါ။ ရှင်က သူများတွေကို လိုက်ရှုပ် နေရင် ကျုပ်ကို တခြားယောကျ်ား တစ်ယောက်ယောက်က လာရှုပ်နေပါ့မယ်" လို့။ တချို့ယောကျ်ားက ဖွင့်ပြောမှသိတာ။

htttp://www.cherrythitsar.org

သာသာယာယာ
ပျော်ပျော်ရွှင်ရွှင် ဖြစ်ပါစေ



htttp://www.cherrythitsar.org



ဝင့်ဆိုတာ နောက်ကျောမှာ ကပ်ပါလာတတ်တာကို မေ့နေကြ တယ်။ မိန်းကလေးဆိုတာ ကိုယ့်ယောကျ်ား ကိုယ် ကြိုကြိုတင်တင် ထိန်းထားနိုင်ရင်အကောင်းဆုံးပဲ။

တစ်ယောက်မကောင်း တစ်ယောက်ပြောင်းဖို့ဆိုတာ လွယ် တာမဟုတ်ဘူး။ တစ်ပင်မလဲဘဲ တစ်ပင်ထူဖို့ အခက်သား။

●

## သာသာယာယာ

## ပျော်ပျော်ရွှင်ရွှင်ဖြစ်ဖို့

မိန်းကလေး တစ်ယောက်ဟာ ယောကျ်ားလေး တစ်ယောက် နဲ့အတူ အသက်ထက်ဆုံး အတူနေဖို့ ဆုံးဖြတ်လက်ထပ်ပြီး အတူတူနေလိုက်ကြကာမှ ပျော်ပျော်ရွှင်ရွှင် မနေရဘူးဆိုရင် ဘယ်ဟုတ်ပါ့မလဲ။

အိမ်ထောင်ရေးရဲ့ ဒုက္ခဆိုတာမှာ နှစ်မျိုးရှိတယ်။ စိတ်ပိုင်း ဆိုင်ရာဒုက္ခနဲ့ ကိုယ်ကာယဆိုင်ရာ ဒုက္ခ။ ဆင်းရဲ့လို့ မပြည့်စုံ လို့ တွေ့ရတဲ့ဒုက္ခက ကိုယ်ဒုက္ခ။ ကိုယ်ဒုက္ခကို အခြေခံပြီး စိတ် ဒုက္ခကလည်း ဖြစ်လာနိုင်တာပဲ။ အဲ တစ်ခါတလေမှာ ကိုယ် ဒုက္ခမရောက်ဘဲ စိတ်ဒုက္ခရောက်ရတာမျိုး ရှိတယ်။

မန္တလေးမြို့ပေါ်က လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကပဲ ဆိုပါ တော့။ လေးလေးတို့ အမြဲသွားထိုင်နေတဲ့ ဆိုင်ပါ။ ဆိုင်ရှင်နဲ့

htttp://www.cherrythitsar.org



ရင်းနှီးပါတယ်။ လက်ဖက်ရည်ဆိုင်ကလည်း ရောင်းကောင်းတယ်။ ရောင်းကောင်းတဲ့စံချိန်ကို ငါးဆင့်လောက် ခွဲသတ်မှတ်မယ်ဆိုရင်ကိုပဲ နံပါတ်နှစ်နေရာလောက် ချိတ်တဲ့ဆိုင်မျိုးပါ။ အလယ်အလတ်ထက် ကျော်တယ်။

ဆိုင်ရှင်က အသက် လေးဆယ့်ငါးနှစ်လောက်ရှိပြီ။ ကလေးသုံးယောက်ရှိတယ်။ သူ့မိန်းမကတော့ နှစ်ဆယ့်ငါးနှစ်ဝန်းကျင်လောက်ပဲ ရှိသေးတယ်။ ဖြူဖြူသန့်သန့်ပါပဲ။ အပျိုလို့ မထင်ရပေမယ့် အလှမပျက်သေးဘူး။ ကိုယ်လုံးကိုယ်ပေါက်လည်း တောင့်တောင့်ပါပဲ။ လေးလေးတို့ကဆို သူ့ကို အမြဲစ, နေကျ။ ခင်ဗျား ကံကောင်းတယ်ပေါ့။ ဘယ်လိုလုပ် ပိုးယူသလဲ ဆိုပြီးတော့။ သူကတော့မချိပြုံးပဲ။ သူ့မျက်နှာက ပျော်ရွှင်နေပုံမရဘူး။

ဒီလိုနဲ့ တစ်ရက်မှာတော့ လေးလေး သူ့ဆိုင်ထိုင် သတင်းစာဖတ်နေတုန်း သူရောက်လာပြီး လေးလေးဘေးမှာ ထိုင်တယ်။ ပြီးတော့...

"ဆရာတို့က ကျွန်တော့်ကို ကံကောင်းတယ်လို့ ပြောလိုက်တိုင်း ကျွန်တော့်ရင်ထဲ အောင့်အောင့်သွားတယ်ဆရာ"

"ဗျာ– ဘာလို့လဲ"

"အဲဒါ ပြောချင်လို့။ ဆရာ့ဆီက အကြံဉာဏ်လည်း တောင်းချင်လို့။ ဒီအကြောင်းကို ကျွန်တော် ဘယ်သူ့မှ မပြောရဲဘူး။ အမှန်အတိုင်းပြောရရင် လူသိမခံရဲတဲ့ ပြဿနာပါဆရာ"

သူက လေးလေးနဲ့ စကားပြောရင်း ဘေးကိုလည်း လှည့်ကြည်လိုက်သေးတယ်


ကျုပ် ငွေကို

htttp://www.cherrythitsar.org



"စိတ်ချပြီးပြောပါဗျာ။ ကျွန်တော် အတတ်နိုင်ဆုံး ကူညီ နိုင်ဖို့ ကြိုးစားပါ့မယ်။"

"ဒီလိုဆရာ၊ ကျွန်တော့်မိန်းမက နံပြားရိုက် (ဖုတ်)တဲ့ မုန့်ဆရာနဲ့ ဖောက်ပြန်နေတယ်။ ကျွန်တော် လက်ပူးလက်ကျပ် မိတာ နှစ်ခါရှိပြီ။ အရင် မုန့်ဆရာကို အလုပ်ထုတ်လိုက်ရတာ လဲ ဒီလိုပြဿနာကြောင့်ပဲ။ ကျွန်တော် တော်တော့်ကို ခေါင်း ခြောက်နေပြီ"

"အိမ်ထောင်သက် ဘယ်လောက်ရှိပြီလဲ"

"ခုနစ်နှစ်"

"ခုလိုပြဿနာဖြစ်တာ"

"ဒီနှစ်ထဲကျမှ"

"ဒီဆိုင်ဖွင့်တာက"

"သုံးနှစ်ရှိပြီ။ စီးပွားလေးတက်လာလို့ အလုပ် ဖိလုပ်မယ် ဆိုပြီး ကျွန်တော် ရှေ့က ရှာဖွေနေရတာ မောမောသွားတာပဲ ဆရာ၊ နောက်ပိုင်းက စိတ်မချရတော့"။

"ဆိုင်က ဘယ်အချိန်ထိဖွင့်တာလဲ"

"ည ဆယ့်တစ်နာရီ။ သိမ်းတာပြုတာနဲ့ မနက်အတွက် ပြင်ဆင်ရတာနဲ့ ဆယ့်နှစ်နာရီတော့ ရောက်သွားတာပဲ။ မနက် ကျတော့ လေးနာရီလောက် တစ်ခါပြန်ထရတယ်။ ဒါမှ ဈေးသွား ဈေးသည်တွေ အချိန်မီထရတာပေါ့"

"ခင်ဗျားအိပ်ချိန်က"

htttp://www.cherrythitsar.org



"နေ့လယ်ပိုင်း ခဏတစ်ဖြုတ်ပေါ့။ အလုပ်သမားကိုတော့ နှစ်ဆိုင်းခွဲထားရတာပေါ့။ မနက်အစောက ကလေးတွေက နေ့ တစ်နာရီ၊ နေ့ဝင်တဲ့ ကလေးတွေက ည ဆိုင်ပိတ်ထိ"

"ဆိုင်ပိတ်ရက်ကော ရှိသလား"

"အလုပ်ဖြစ်တုန်းရှာရတာ ဆရာရယ်"

"ခင်ဗျားပြဿနာ အဲဒါပဲ"

"ဗျာ"

"ညပိုင်းကို စောပိတ်လို့ရရင်ပိတ်။ ပြီးတော့ နားရက်ထား လိုက်ပါ။ တနင်္ဂနွေဖြစ်ဖြစ် ဥပုသ်ဖြစ်ဖြစ် နေ့ဝက်ပိတ်တာမျိုး"

"ဘာဆိုင်လို့လဲ ဆရာ"

"လင်ရယ် မယားရယ်ဖြစ်ပြီးကာမှ လင်နဲ့မယား ကြည်ကြည် နူးနူး နေရတဲ့အချိန်မှ မရှိဘဲ။ ခင်ဗျား ခင်ဗျားမိန်းမကို ယုယု ယယ ကြင်ကြင်နာနာ ဆက်ဆံတဲ့အချိန်များ ရှိသလား"

"ရပြီးမှ လိုသေးလို့လား ဆရာ"

"လိုလို့ ယုယကြင်နာတဲ့လူ ရှာတာပေါ့ဗျ"

အဲဒီလူဟာ အတော်ကြာကြာ စဉ်းစားတယ်။ ပြီးတော့မှ ကျွန်တော် သဘောပေါက်ပါပြီလို့ ဝန်ခံတယ်။ ဒီဖြစ်ရပ်ကို ကောက်ချက်ချကြည့်ရရင်...

လင်နဲ့မယား အိမ်ထောင်သက် ကြာလာတဲ့အခါမှာ အပြန် အလှန် ဂရုစိုက်မှု။ ယုယကြင်နာမှု နည်းလာတတ်တယ်။ နည်း လာတော့ မဖြစ်သင့်တဲ့ ပြဿနာတွေ ဖြစ်ကုန်ရော။

htttp://www.cherrythitsar.org



မိန်းမကပဲ ဖောက်ပြန်သည်ဖြစ်စေ။

ယောကျ်ားကပဲ ဖောက်ပြန်သည်ဖြစ်စေ။

ပြဿနာနတုန်းမှာ အိမ်ထောင်မပြိုကွဲခင် ဖြေရှင်းဖို့ နည်းလမ်း စဉ်းစားသင့်ပါတယ်။ မိန်းမတစ်ယောက်အနေနဲ့ နည်းမှန်လမ်းမှန် စိတ်ထွက်ပေါက် မရှာတတ်ရင် စာရိတ္တကို ထိပါးတဲ့ နာမည်ပျက်နည်းမျိုးနဲ့ ရင်ဆိုင်ရရော။

ဒီတော့...

ငါ့တူမများ အိမ်ထောင်ကျလာရင်...

အိမ်ထောင်တစ်ခု သာသာယာယာ ပျော်ပျော်ရွှင်ရွှင် တည်ဆောက်နိုင်ဖို့ အပြန်အလှန် ဂရုစိုက်ချိန် စိတ်လက် ပေါ့ပေါ့ပါးပါးနဲ့ ကြည်ကြည်နူးနူး မိသားစုနေချိန်...

ဥပမာ... ညနေ လမ်းလျှောက်တာမျိုး။ ညပိုင်း ဗွီဒီယို၊ ရုပ်ရှင် အတူကြည့်ကြတာမျိုး။


နေ့စဉ်မဟုတ်တောင် ၁၀ ရက် တစ်ကြိမ်လောက် အနည်းဆုံး တစ်လတစ်ကြိမ်လောက် မိသားစုနေ့ဆိုတာ ရှိသင့်ပါတယ်။

တချို့ယောကျ်ားတွေဟာ အိမ်ထောင်ကျပြီးတာနဲ့ ငွေရှာပေးနိုင်ရင် အိမ်ထောင်ရေးတာဝန် ကျေပြီလို့ထင်ပြီး မိသားစုအတွက် အချိန်ပေးဖို့မေ့သွားတတ်တယ်ကွယ့်။ အဲသလိုအခါ နည်းမှန်လမ်းမှန်နဲ့ ဖြေရှင်းတတ်ပါစေ။ နည်းမှား လမ်းမှား မလိုက်မိကြပါစေနဲ့။

●

htttp://www.cherrythitsar.org

# နွား၏ပြောကြားချက်



htttp://www.cherrythitsar.org



# နွားအို မြက်နုကြိုက်

ငါ့တူမများ ကြားဖူးပါလိမ့်မယ်။ အသက်ကြီးကြီး ယောကျ်ားကြီးများက မိန်းကလေးငယ်ငယ်လေး လိုချင်တဲ့အခါ ပိုးပန်းတဲ့အခါ ယူလိုက်တဲ့အခါ ဝန်းကျင်က ပြောတဲ့စကား ရှိပါတယ်။ အဲဒီစကားက ...

"နွားအို မြက်နုကြိုက်" လေ... ဆိုပြီးတော့ ကိုယ့်အသက်အရွယ်။ ကိုယ့်သိက္ခာ။ ကိုယ့်ဂုဏ်နဲ့ လိုက်လျောညီထွေ မနေတတ်လေတော့ "နွားအို" နဲ့ အနှိုင်းခံရတော့တာပေါ့။ ယောကျ်ားဆိုတာ အသက်ကြီးလာရင် "လူကြီးလူကောင်း" တစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့ သိပ်အရေးကြီးတာ။

အသက်ကြီးတဲ့ ယောကျ်ားကို မယူပေမယ့် ကိုယ်နဲ့ရွယ်တူတန်းတူ ယောကျ်ားဆိုတာကလည်း နှစ်ကြာလာတော့ အသက်ကြီးလာမှာပဲ။ ဒါကြောင့် အသက်ကြီးတဲ့ ယောကျ်ားများနဲ့ ပတ်သက်ပြီး ငါ့တူမများ သိသင့်တယ်တင်လို့ လေးလေး ပြောပြချင်တယ်။ ဒီအကြောင်းပြောဖြစ်ဖို့ ဖန်လာတာက လေးလေးဆီလာတဲ့ စာတစ်စောင်ကြောင့်ပေါ့။ အဲဒီစာက ...

* * *

**ဆရာဦးကံချွန်ရှင့် –**

ကျွန်မနာမည် မ............ ဖြစ်ပါသည်။ ကျွန်မအသက် (၄၂)နှစ် ရှိပါပြီ။ ကျွန်မ၏ ခင်ပွန်းမှာ ကျွန်မထက် အသက်(၃)


တော် ကျုပ်ကို ဟာရင်ကာလို ဂရုမစိုက်တော့ ဘူး
မင်းကရော ဟာရင်ကာလို ရှိသေးရဲ့လား

htttp://www.cherrythitsar.org



နှစ်ကြီးပါသည်။ သူ့အသက် (၄၅) နှစ်ပါ။

ကျွန်မ၏ပြဿနာကို ကူညီဖြေရှင်းပေးနိုင်ရန် ကျွန်မ၏ အဖြစ်အပျက်ကို ရေးပြပါရစေ။ ကျွန်မတို့ အိမ်ထောင်သက် နှစ်ဆယ့်သုံးနှစ် ရှိပါပြီ။ သားအကြီးသည်ပင် ပြီးခဲ့သည့်လက အသက် နှစ်ဆယ်ပြည့်ပါပြီ။ သမီးအလတ်က (၁၈)နှစ်။ သမီး အငယ်က (၁၅) နှစ်။ သားသမီးသုံးယောက်ရှိပါပြီ။ ပေါင်းသင်း ခဲ့သော အိမ်ထောင်သက် (၂၃) နှစ်အထိ ကျွန်မခင်ပွန်းသည် ကျွန်မအပေါ် သစ္စာရှိခဲ့ပါသည်။ မိသားစုအပေါ် တာဝန်ကျေပါ သည်။ ကျွန်မတို့သည် နှစ်ဦးနှစ်ဖက် လူငယ်ချင်းလည်း မေတ္တာ မျှ၍ လူကြီးများလည်း ကျေနပ်သောကြောင့် ထူထောင်ခဲ့သော အိမ်ထောင်ဖြစ်ပါသည်။

လွန်ခဲ့သည့် (၆)လခန့်ကမှ ကျွန်မခင်ပွန်းမှာ မိသားစု အပေါ် ဆက်ဆံရေးပြောင်းလာပါသည်။ သားသမီးများကို အကြောင်းမဲ့ ဆူပူလာသည်။ လုံးဝမအော် မငေါက်ဖူးသော သမီးငယ်ကိုပင် အော်လား ငေါက်လား လုပ်လာသည်။ ကြည် ကြည် သာသာ စကားပြောသည့်အချိန် အလွန်နည်းလာပါသည်။ ကျွန်မနှင့်ပြောဆိုရာတွင်လည်း မျက်မှောင်ကုပ်ကာ မပြောမဖြစ် သော စကားလောက်သာ ပြောပါသည်။

ဘာလို့ စိတ်တိုနေရတာလဲဟု မေးတိုင်း ငါ ဘာတိုနေလို့လဲ ဟု ပြန်အော်ပါသည်။ ကျွန်မ သူ့ ဘေးသွားထိုင်လျှင်လည်း ထထွက်သွားတတ်ပါသည်။


နှင်းဆွေ့ကို့
မြွေဆိုးတော့
မြွေဟောက်ကို့

htttp://www.cherrythitsar.org



ဝန်းကျင်မှ ပြောစကားအရ ကျွန်မခင်ပွန်းသည် ဈေးသည်ကောင်မလေးတစ်ယောက်နှင့် ယူထားသည်ဟု သိရပါသည်။ ကျွန်မသည် ထိုကိစ္စကို မသိဟန်ဆောင်ကာ ခွင့်လွှတ်နိုင်အောင် ကြိုးစားပါသည်။ သူ့ကို ရန်လည်းမပြုပါ။ ဆရာ ဦးကံချွန် ရေးသလို အိုင်တွေ့လို့ ခြေဆေးတာပဲဟု သဘောထားပါသည်။ မိန်းကလေးကိုက မကောင်းလို့ပဲဟု စိတ်ဖြေပါသည်။ လုံးဝ မသိဟန်ဆောင်၍ မူမပျက်ဆက်ဆံပါသည်။ သားသမီးများကိုလည်း ပို၍ ရိုရိုသေသေဆက်ဆံရန် ကျွန်မ မှာထားပါသည်။

မိသားစုအားလုံးက အရိုအသေမပျက် အပြုစုမပျက် ဆက်ဆံနေသော်လည်း သူက အမြဲပဲ စိတ်တို၍ ရန်လိုနေပါသည်။ ကျွန်မတို့အနေဖြင့် သူ့ကို မည်သို့ဆက်ဆံရမှန်း မသိဖြစ်နေသောကြောင့် ဆရာဦးကံချွန်ထံ စာရေး၍ မေးရခြင်းဖြစ်ပါသည်။

* * *

အဲဒီစာကိုဖတ်ပြီးတော့ လေးလေး ဒီလို စာပြန်ခဲ့တယ်။

* * *

**မ............. ခင်ဗျား။**

ကျွန်တော် မ...............၏ စာကို .................. ရက်နေ့က ရရှိပါသည်။ ထိုစာကိုဖတ်ပြီးနောက် တစ်ဆင့်ချင်း ဖြေရှင်း အကြံပေးလိုပါသည်။ ပထမဆုံး ဖြေရှင်းလိုသည်မှာ ကျွန်တော် ရေးခဲ့သော အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း ပထမ



htttp://www.cherrythitsar.org



စာအုပ်တွင်ပါရှိသည့် အိုင်တွေ့လို့ ခြေဆေးတာ မလွန်ပါဘူး။ သောက်ရေအိုးထဲကရေနဲ့ ခြေဆေးတာမှ မဟုတ်ဘဲ" ဟုရေးခဲ့ သည်မှာ မိန်းကလေးများ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် နေတတ်ရန် သတိပေးလို၍ဖြစ်ပါသည်။ ထိုစာသားမှာ ယောကျ်ား များကို ကာကွယ်ရန်အတွက် ရှုပ်ခြင်း ပွေခြင်းကို ဆင်ခြေပေး ရန်အတွက် ရေးပြခဲ့ခြင်းမဟုတ်ပါ။

ထို "အိုင်တွေ့၊ ခြေဆေး" စကားကို အကြောင်းပြု၍ အမျိုးသမီးတို့အတွက် ရည်ရွယ်ရေးသားခဲ့ခြင်းပါ။ ထိုစကားကို အကြောင်းပြု၍ အမျိုးသားတို့အတွက် ရေးပါမူ အိုင်တွေ့တိုင်း ခြေဆေးနေလျှင် ခြေထောက် "ပေ" ယုံသာ ရှိပါမည်။ အဘယ်မှာ အိုင်ထဲကရေသည် ရေကောင်းရေသန့် ဖြစ်ပါမည်နည်း။

ကိုယ့်ကိုယ်ကို တန်ဖိုးထားသော ယောကျ်ားဆိုလျှင်။ ဣန္ဒြေ သိက္ခာရှိသော ယောကျ်ားကောင်းဆိုလျှင်။ အိုင်တွေ့သော်လည်း ရှောင်သွားနိုင်စွမ်းရှိရပါမည်။ သို့မှာသာ မွန်မြတ်သော ယောကျ်ား ကောင်း ဖြစ်ပါမည်။ အိုင်တွေ့တိုင်း ခြေဆေးနေသော ယောကျ်ား အား ယောကျ်ားကောင်း ယောကျ်ားမြတ် မခေါ်နိုင်ပါ။

"မ ........." ၏ ခင်ပွန်းသည် မိသားစုအပေါ် စိတ် တိုနေခြင်း။ အလိုမကျဖြစ်နေခြင်း။ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည် လင်လင် မနေနိုင်ခြင်းများသည် မလုပ်သင့်သောအလုပ် (ပြစ်မှု) ကို သူလုပ်ထားမိသည့်အတွက် ကျူးလွန်ထားမိသည့်အတွက် သူလုပ်ရပ်က သူ့ပြန် ခြောက်လှန့်နေသောကြောင့် သူ့ပျော်ရွှင်

htttp://www.cherrythitsar.org



မှုများ ဆိတ်သုဥ်း ပျက်စီးနေခြင်း ဖြစ်ပါသည်။

သူ၏ "ဖောက်ပြန်မှု" ကို မိသားစုက ခွင့်လွှတ်နိုင်သော်လည်း ဘာသာတရားက ခွင့်မလွှတ်ပါ။ မည်သည့် ဘာသာကမှ ခွင့်မပြုပါ။ မကောင်းမှု ကျူးလွန်ထားသူအား သူ၏ ပြစ်မှုက သူ့ကို ဒဏ်တတ်ပါသည်။ သူလုပ်သည့်အစား သူရပါသည်။ အကောင်းလုပ်လျှင် အကောင်းရပါမည်။ မကောင်းလုပ်လျှင် မကောင်းရပါမည်။

ဖောက်ပြန်သူအတွက် စိတ်သောက ရောက်စရာသည် မလွဲမသွေ ကြုံရမည်ဖြစ်ပါသည်။

ထို့ကြောင့်...

"မ ................" တို့ မိသားစုအနေဖြင့် အတတ်နိုင်ဆုံး ခွင့်လွှတ်ထားပါ။ သူ နောင်တရလာပါက ပျော်ရွှင်သော မိသားစုဘဝ ပြန်လည်ရပါလိမ့်မည်။

(၁) သူ့အား ပြိုင်၍မရွဲ့ပါနှင့်။ သူနေချင်သလို နေသော်လည်း ကိုယ်က စည်းကမ်းနှင့်သာနေပါ။

(၂) သူ့ ပျော်ရွှင်မှုကို ဖျက်ဆီးသူမှာ သူ၏ ဒုစရိုက် ဖြစ်ပါသည်။

(၃) မိသားစုဝင်က ခွင့်လွှတ်သော်လည်း ဘာသာတရားနှင့် ဝန်းကျင်က ခွင့်မလွှတ်ပါ။

အိုင်တွေ့၍ ခြေဆေးသောအမှုသည် ခွင့်လွှတ်ရန်ထိုက်သော

htttp://www.cherrythitsar.org



အမှုမဟုတ်ပါ။ မိန်းကလေးများကိုသာ အိုင်အဖြစ် မရောက်ရန် သတိပေးလို၍ ရေးခဲ့ခြင်းပါ။ ယောကျ်ားကောင်း တစ်ယောက်သည် အိုင်တွေ့လျှင် ရှောင်သွားနိုင်စွမ်းရှိသော ယောကျ်ား ဖြစ်ရပါမည်။ သူ၏ လုပ်ရပ်အား ရပ်တန့်ရန် ဒေါသမပါဘဲ တရားပြ၍ ဖြောင့်ဖြပြောဆိုပါ။

မကောင်းမှုကို မကောင်းမှုဖြင့် တုံ့ပြန်၍မရပါ။

မကောင်းမှု ကျူးလွန်သူအား ထိန်းသိမ်းနိုင်မှသာ ပျော်ရွှင်သော အိမ်ထောင်စု ထူထောင်၍ ရပါမည်။

*   *   *

လေးလေး အဲသလိုစာပြန်ခဲ့တယ်။ ယောကျ်ားဆိုတာ မရခင်မှာ တစ်ကမ္ဘာလုံးရှိသမျှ မိန်းမတွေထဲမယ် ကိုယ့်ရည်းစားကိုသာ လှတယ်ထင်ပေမယ့် ရပြီးတာနဲ့ ကိုယ့်မိန်းမကလွဲရင် တစ်ကမ္ဘာလုံးရှိသမျှ မိန်းမတွေကို လှတယ် ထင်တတ်ကြတာကွယ့်။

ငါ့တူမများ အိမ်ထောင်ရှင်ဘဝရောက်ရင် ကိုယ့်ခင်ပွန်းကို အိမ်ထောင်တစ်ခု သာယာ ပျော်ရွှင်ရေးအတွက် "သစ္စာရှိသော ယောကျ်ား" ဖြစ်ဖို့ လိုတယ်ဆိုတာ ကြိုပြောထားပေရော့။

ငွေတွေ ဘယ်လောက်ရှိနေနေ သစ္စာမရှိရင် အဲဒီအိမ်ထောင်ဟာ မသာယာပါဘူး။

●

# ဒုတိယ အသိုက်အဝန်း



htttp://www.cherrythitsar.org



# ဒုတိယ အသိုက်အဝန်း

အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်တဲ့ မိန်းကလေးတိုင်းဟာ "မောင့်မျက်နှာ တစ်ရှူမှတ်ထင်" ကြတာများပါတယ်။ အိပ်အိပ်စားစား ကိုယ့်ချစ်သူမျက်နှာကိုပဲ မြင်ယောင်နေကြပြီး လက်ထပ်ဖို့ ဆုံးဖြတ်ကြတာကိုး။ ကောင်လေးကလည်း အဲသလိုပါပဲ။

စားလဲ ဒီစိတ်ကွယ်၊ သွားလဲဒီစိတ်ကွယ်နဲ့ လက်ထပ်လိုက်ကြပြီးကာမှ ဖြုန်းခနဲတွေ့လိုက်ကြရမှာက ဟိုဘက်ဒီဘက် မိဘဆွေမျိုးတွေပဲ။ ယောက္ခမတွေ ယောက်ဖတွေ မရီးတွေ မတ်တွေ ခယ်မတွေ ခဲအိုတွေ ဆိုတာတွေပေါ့။

အသိုင်းအဝိုင်းကလဲ......

"ဒီကောင်က မိန်းမရမှ အချိုးတစ်မျိုးပြောင်းသွားတယ်။"

"မင်းငယ်ငယ်က ကျောင်းထားပေးခဲ့တာ မှတ်မိရဲ့လား"

"မိန်းမ ဒီလောက် ကြောက်ရသလား"

"လောကမှာ မိန်းမပေါလွန်းလို့ကွာ"

ဆိုတဲ့ စကားတွေဟာ သူတို့အလိုဆန္ဒနဲ့ မကိုက်ညီတာနဲ့ မလိုက်လျောနိုင်တာနဲ့ စက်သေနတ်ပစ်သလို ဒလစပ်ထွက်လာနိုင်တယ်။ အဲသလိုပါပဲ။ မိန်းမဘက် အသိုင်းအဝိုင်းကလည်း

"ညည်းယောကျ်ား ညည်းမပိုင်ဘူးလား"

"လင့်လုပ်စာ မယားပဲစားရမှာပေါ့"

"ညည်းက ယောကျ်ား လုပ်ကျွေးနေတာလား"


မင်းက မိန်းမရလို့

htttp://www.cherrythitsar.org



"သူရှာရသမျှ သူ့ ဘက်ချည်း ဖို့နေတာ"

ဆိုတဲ့ စကားမျိုးတွေဟာ အခြေအနေပေါ်မူတည်ပြီး ထွက်လာတတ်ပါတယ်။ ယောကျ်ားက မိန်းမကို အကြောင်းပြုပြီးတော့ မိန်းမက ယောကျ်ားကို အကြောင်းပြုပြီးတော့ ဒုတိယအဆင့် အနေနဲ့ တွေ့ရမယ့် အသိုင်းအဝိုင်းကို "ပထမ" ဆင့် ပို့လိုက်မိရင် အိမ်ထောင်ရေးဆိုတာ မသာယာတော့ပါဘူး။

နောက်ပြီး...


အပြန်အလှန် သည်းခံခွင့်လွှတ်နိုင်မှု ရှိရမယ်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရမယ်။ ကိုယ်က မှန်နေပေမယ့် အခြေအနေ အရ လျှော့ပေးသင့်တာ လျှော့ပေးရမယ်။ လျှော့ပေးတဲ့အကြောင်း ကိုရော အမှန်တရားကိုရောတော့ စိတ်အေးလက်အေး ရှင်းပြ ပြောပြထားရမယ်။

ကိုယ်က မှန်နေလျက်နဲ့ လျှော့ပေးတယ်ဆိုတာ တစ်ခါ နှစ်ခါ သုံးခါ ဆိုသလိုသာရမှာပေါ့။ လျှော့ပေးရတာ များလာရင် ဒေါသစွက်လာတတ်တယ်။ အဲသလို ဒေါသဖြစ်လာတာမျိုး မကြုံရအောင် မှန်လျက်နဲ့ လျှော့ပေးရတိုင်း ပြောပြထားရင် တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါဖြစ်လာတာနဲ့ သူ့အသိုင်း အဝိုင်းကို သူ့ဟာသူ ထိန်းလိမ့်မယ်။

အကောင်းဆုံးကတော့ သူ့ဘက်ကဖြစ်စေ၊ ကိုယ့်ဘက်က ဖြစ်စေ သဘောထားမကြီးရင် အသိဉာဏ်နည်းရင် ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်ပြီး သီးခြားနေတာ အကောင်းဆုံးပါပဲ။

htttp://www.cherrythitsar.org

# တစ်သက်တာစိတ်ချမ်းအမို့



htttp://www.cherrythitsar.org



လူ့သဘာဝဆိုတာ ဆယ်ခါပေး ဆယ်ခါကျွေးထားပေမယ့် တစ်ခါလောက် ပြန်တောင်းမိရင် စားမိရင် သူတို့ပေးလိုက်ရတာ ကျွေးလိုက်ရတာကို ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်တတ်တယ်။ ဒီတော့ ကိုယ့်အတွက် အကူအညီလိုလာပြီဆိုရင်တောင် မိတ်ဆွေအပေါင်းအသင်းတွေဆီက တောင်းတာ အကောင်းဆုံးပဲ။

အဲဒါဆို အိမ်ထောင်ပြုလိုက်တဲ့အတွက် ကြုံရ ဆုံရမယ့် ဒုတိယအသိုင်းအဝိုင်းနဲ့ ဖြစ်ရမယ့်ပြဿနာ နည်းသွားပါလိမ့်မယ်။

ဒီအချက်ကိုလည်း ငါ့တူမများ မေ့မထားပါနဲ့။

●

# တစ်သက်တာ စိတ်ချမ်းသာဖို့

လေးလေးရေးပြသလောက်ဟာ အများဆုံး ကြုံတွေ့ရတတ်တဲ့ ပြဿနာတွေပါပဲ။ ငါ့တူမများအတွက် မလွဲမရှောင်သာလို့ အိမ်ထောင်ပြုရပြီဆိုရင်၊ နဖူးစာပါလာလို့ အိုရပြီဆိုရင်၊ အိုပြီးတဲ့အချိန်မှာ တွေ့ကြုံရင်ဆိုင်ရနိုင်တဲ့ အချက်အလက်တွေ ကြိုသိထားရတော့ ရင်ဆိုင်လာရရင် မှန်မှန်ကန်ကန် ဖြေရှင်းလို့ရတာပေါ့။ အမှားနည်းတာပေါ့။

ယောက်ျားဆိုတာ မရခင် ကမ္ဘာပေါ်ရှိသမျှ မိန်းမတွေထဲမယ် ကိုယ့်ချစ်သူကို အလှဆုံးထင်ပြီး ရပြီးတာနဲ့ကိုယ့်မိန်းမကလွဲရင် ကမ္ဘာပေါ်ရှိသမျှ မိန်းမတွေကို အကုန်လှတယ် ထင်တော့တာ။

htttp://www.cherrythitsar.org



"ငါ့မိန်းမကြီး ငါချစ်လွန်းလို့ မယားကြီးရာထူး တိုးပေးလိုက်ပြီ" ဆိုပြောတဲ့စကား ရှိသကွယ့်။ ဒီတော့ ...

အပျိုစင်ဘဝမှာ ယောကျ်ားတွေအကြောင်း သိထားဖို့လိုသလို–

အိမ်ထောင်သည်ဘဝ ရောက်တဲ့အခါမှာလည်း ကိုယ့်ခင်ပွန်းအကြောင်း သိထားဖို့လိုပါတယ်။ ဒါမှလည်း တစ်သက်တာ စိတ်ချမ်းသာဖို့ နေတတ် ထိုင်တတ်ပါမယ်။

လေးလေးရဲ့ စေတနာက အတိုင်းအဆ မရှိပေမယ့် သိသလောက်ပဲ ရေးပြရတာမို့ သည်းမျှနဲ့ပဲ ကျေနပ်ပါလို့။

**သာယာပျော်ရွှင်၍**

**တစ်သက်တာ**

**စိတ်ချမ်းသာနိုင်ကြပါစေ။**

**လေးလေကံချွန်**

**၈=၈ (၄၄)**

**သိုးခြံမြို့သစ်**

**မန္တလေး။**

Htttp://www.cherrythitsar.org

